# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၉ ရက် ၂၀၂၄ ခုနှစ်၊ ဇွန် ၁၅ ရက်၊ စနေနေ့ အတွဲ (၆၃)၊ အမှတ်(၂၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## တပ်ကုန်းမြို့နယ်၌ မိုးချည်မျှင်ရှည်ဝါ ဧက ၁၀၃၀၀ ကျော် လျာထားစိုက်ပျိုး

တပ်ကုန်း ဇွန် ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအနေဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေစေရန် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံများဖြစ်သည့် ငရုတ်၊ ဖူးစားပြောင်း၊ ပဲတီစိမ်း၊ နေကြာ၊ နှမ်း၊ မြေပဲနှင့် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးလျက်ရှိရာ မိုးချည်မျှင်ရှည်ဝါများကိုလည်း ၁၀၃၂၈ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

တပ်ကုန်းမြို့နယ်၌ မိုးချည်မျှင်ရှည်ဝါများ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ မျိုးစေ့ကုန်ကျမှု သက်သာနိုင်ရေး၊ အပင်ဖြစ်ထွန်းကောင်းမွန်နိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းစိုက်ပျိုးကြောင်း၊ မိုးချည်မျှင်ရှည်ဝါကို ၁၀၃၂၈ ဧက လျာထားစိုက်ပျိုး၍ ၁၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် မိုးချည်မျှင်ရှည်ဝါ ဆွတ်ခူးချိန်တွင် ဈေးကောင်းရရှိရေး မျှော်လင့်ကြောင်း မိုးချည်မျှင်ရှည်ဝါစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

## ပုပ္ပားတောင်မကြီးတွင် အရိပ်ရအပင် နှစ်ထောင် ထပ်မံစိုက်ပျိုးသွားမည်


ပုပ္ပားတောင်မကြီးပရဝဏ်နှင့် စိမ်းစိုနေသော အပင်များကို တွေ့ရစဉ်။

ရန်ကုန် ဇွန် ၁၄

အညာဒေသ၏ အိုအေစစ်ဖြစ်သော ပုပ္ပားတောင်မကြီးတွင် အရိပ်ရအပင် နှစ်ထောင် ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေနံသာ ဒင်းဂါးညီနောင်များအဖွဲ့ ပရဟိတအသင်းထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်မှစတင်ကာ ပုပ္ပားတောင်မကြီး၌ အရိပ်ရအပင် တစ်သောင်းခန့် စတင်စိုက်ပျိုးခဲ့ပြီး အချို့အပင်များမှာ လူတစ်ရပ်ခန့် ပမာဏအမြင့်ရှိနေပြီဖြစ်ကာ ယခုထပ်မံစိုက်ပျိုးရန်အတွက် စီစဉ်နေခြင်းဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့ ဖတ် စ ရာ**


ငြင်းလို့မရတဲ့ AA အဖွဲ့၏ မူးယစ်ဆေးဝါးကုန်သွယ်မှု ဆောင်းပါး စာ ၆

-----------------------------------

အမှန်တရားကို မျက်ကွယ်ပြု ရည်ရွယ်ချက်ရှိရှိ ဇာတ်နာအောင်လုပ်ကြသူတွေ ဆောင်းပါး စာ ၁၀






# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၄) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးသည့် အခမ်းအနားတစ်ရပ်ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။




ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခဲ့**

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒအပေါ်အခြေခံကာ ၂၀၁၁ ခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုသို့ မြှင့်တင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ-တရုတ် မျှဝေသော အနာဂတ်အသိုက်အဝန်းသို့ ဆက်လက်တိုးမြှင့်ခဲ့ကြောင်းနှင့် တရုတ်နိုင်ငံ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ၂၀၁၇ ခုနှစ်တွင်စတင်ခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများနှင့်အတူ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုကို အလေးပေးပြောကြားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်ရှိ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ခုနစ်ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းများကို ထောက်ပံ့ပေးအပ်သည့် တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဒေသတွင်းငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို "မြစ်တစ်စင်းနှင့် မျှဝေသောအနာဂတ်" မဲခေါင်-လန်ချန်းစိတ်ဓာတ်ဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည့်ကတိကဝတ်ကို ထပ်လောင်း ပြောကြားသည်။




ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ရင်းနှီးခင်မင်မှု၊ အပြန်အလှန် နားလည်လေးစားမှုနှင့် အကူအညီပေးမှုများကို ပြန်လည်အမှတ်ရပါကြောင်းနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မျှဝေသည့်အနာဂတ်အသိုက်အဝန်းတစ်ခုကို ပူးပေါင်းတည်ဆောက်ရာတွင် အရေးပါသော စကြံတစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများနှင့် နှစ်နိုင်ငံရေးရာနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဆက်လက်၍ အကူအညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက်ကို ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့က လက်မှတ်ရေးထိုးပြီး (ဝဲပုံ) အပြန်အလှန် လဲလှယ်ကြသည်။

အဆိုပါ သဘောတူညီချက်အရ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် မြန်မာနိုင်ငံ၏ ဝန်ကြီးဌာနခြောက်ခုက အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်း စုစုပေါင်း ၁၂ ခုအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်းခန့်ကို တရုတ်နိုင်ငံက မြန်မာနိုင်ငံထံသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ပြီး အဆိုပါစီမံကိန်း ၁၂ ခုကို စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ သစ်တောဆိုင်ရာ အရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုသော အလေ့အထနှင့် တီထွင်ဆန်းသစ်မှုများ ဆောင်ရွက်ရေး၊ ကျေးရွာအဆင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သတင်းအချက်အလက် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုနှင့် ယဉ်ကျေးမှု ကဏ္ဍမြှင့်တင်ရေး စသည့်နယ်ပယ်များ၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံက ထောက်ပံ့ပေးအပ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေမှတစ်ဆင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် တန်ဖိုးရှိသော ကဏ္ဍပေါင်းစုံ စီမံကိန်း ၁၁၈ ခုကို လက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



---

◆ ***ရှေ့ဖုံးမှ***

"ပြီးခဲ့တဲ့အပတ်က ပုပ္ပားတောင်မကြီးမှာ စိုက်ဖို့အတွက်နေရာသွားကြည့်တယ်။ အပင်အမျိုးအစားနည်းနည်းတော့ ရွေးရဦးမယ်။ စကားဝါပင်တို့၊ သရက်ပင်တို့တော့ပါမယ်။ ရှင်သန်နိုင်မယ့် အပင်ပေါ့။ ကျွန်တော်သွားကြည့်တော့ ရှင်းပါတယ်။ အပင်တွေက အဲဒီမှာ ပြီးခဲ့တဲ့ ၂၀၁၉၊ ၂၀၂၀ လောက်တုန်းက ပုပ္ပားတောင်မကြီးမှာ စစိုက်တာပေါ့။ အပင်တစ်သောင်းဝန်းကျင်လောက် စိုက်ထားတယ်။ ဒီနှစ်က ရေနံချောင်း၊ ချောက်နဲ့ချိန်ရမှာဆိုတော့ အပင်နှစ်ထောင်လောက်ထပ်စိုက်ဖို့ရှိတယ်။ အဓိကက လူတွေ၊ မျောက်တွေ၊ ကျေးငှက် စားဖို့နားဖို့ပေါ့။ သရက်ပင်ဆို တောင်တက်တဲ့သူတွေ၊ မျောက်တွေလည်း စားလို့ရတာပေါ့" ဟု ရေနံသာ ဒင်းဂါး ညီနောင်များအဖွဲ့ ပရဟိတအသင်းမှ ကိုရေနံသာဒင်းဂါးက ပြောသည်။

ထို့အပြင် ရေနံချောင်းနှင့် မကွေးလမ်းဘေးရှိ ပရဟိတဥယျာဉ်အတွင်းနှင့် လမ်းဘေးဝဲယာများတွင် နှစ်ရှည်အရိပ်ရအပင် တစ်သောင်းကို ယခုမိုးရာသီတွင် စိုက်ပျိုးသွားမည်ဖြစ်ကာ လက်ရှိတွင် အပင်တစ်သောင်းကို ထပ်မံ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ရေနံသာဒင်းဂါးအဖွဲ့သည် အညာဒေသ ရေနံချောင်းမြို့နယ်နှင့် အနီးတစ်ဝိုက်တွင် ရေကန်တူးဖော်ခြင်း၊ ဇရပ်ဆောက်လုပ်ခြင်းနှင့် ရေချမ်းစင်တည်ဆောက်ခြင်းများကို လုပ်ဆောင်ပေးလျက်ရှိသည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

**Thit Taw**




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကျင်းပ

## ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်က အားထားရသည့် သားကောင်း သမီးမွန်ရတနာများဖြစ်အောင် ကြိုးစားဆောင်ရွက်

**နေပြည်တော် ဇွန် ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ သား၊ သမီးများ အား ပညာသင်စရိတ်ထောက်ပံ့ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး ၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ကျောင်းသား မိဘများနှင့်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်း အဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး **"ပညာရည်မြင့်မားရေး ဆောင်ရွက်မှုမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့"** မှတ်တမ်းဗီဒီယိုကို ပြသသည်။

**အမှာစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဆိုသည့် ပညာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်ကို ချမှတ်၍ပညာရေးပြုပြင်ပြောင်းလဲမှုကို ခေတ်နှင့်လျော်ညီစွာ စီမံကိန်းများ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာ သင်ယူတတ်မြောက်ရန်၊ ကျောင်းသား ကျောင်းသူလူငယ်များ ဘက်စုံထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရန်နှင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ဆိုသည့် တစ်မျိုးသားလုံးပညာရည်မြင့်မားရေး မျှော်မှန်းချက်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပညာနှင့်ပတ်သက်၍ အတွေးအခေါ်၊ အယူအဆ လမ်းမှားမရောက်ရန် အရေးကြီးပါကြောင်း၊ **"သန့်ရှင်းသည့်နားအကြားများသည်၊ ကြည်လင်သည့်မျက်စိအမြင်များသည်၊ စင်ကြယ်သည့်စိတ် အသိများသည်"** ဆိုသည့် စကားရှိသည့်အတွက် အမှန်ကိုကြား၊ အမှန်ကိုမြင်၊ အမှန်ကိုသိကြရန် အရေးကြီးလှပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဘဝတွင် တပည့်ကောင်းများဖြစ်ရန် ကြိုးစားရမည်ဖြစ်သကဲ့သို့ နောင်တစ်ချိန်တွင် တိုင်းပြည်ကို ဦးဆောင်ကြရမည့်သူများဖြစ်သည့်အတွက် ပညာပြည့်ဝရုံသာမက သန့်ရှင်းဖြူစင်သည့် ကိုယ်ကျင့်တရားဖြင့် နေထိုင်တတ်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ မိသားစုဂုဏ်၊ ကျောင်း၏ဂုဏ်ကို ဆောင်နိုင်ခြင်းမှသည် နိုင်ငံတော်၏ ဂုဏ်ကိုပါ ထွန်းလင်းစေအောင် ကြိုးစားကြစေလိုကြောင်း။

**ရည်မှန်းချက်ထားကြိုးစား**

ဘဝအတွက် အခြေခံပညာသည် လှေကားတစ်ခုဖြစ်ကြောင်း၊ မိဘဆရာများက ထောက်ပံ့ရုံသာ ထောက်ပံ့ပေးမည်ဖြစ်ပြီး သားငယ်၊ သမီးငယ်တို့က ကိုယ်တိုင်ကြိုးစားအားထုတ်ကြရမည် ဖြစ်ကြောင်း၊ **'ပညာရွှေအိုး လူမခိုး'** ဆိုသည့် ဆိုရိုးစကားအတိုင်း မိမိတို့အရွယ်သည် စာကြိုးစားရမည့်အရွယ် ဖြစ်သည့်အတွက် ကြိုးစားကြစေလိုကြောင်း၊ စာသင်ရုံနှင့် မလုံလောက်ဘဲ ဘာသာစကားကျွမ်းကျင်ရန်၊ ကွန်ပျူတာအခြေခံရရန်၊ အိုင်တီအခြေခံကျွမ်းကျင်ရန် အလယ်တန်းအဆင့်မှစပြီး အင်္ဂလိပ်စာလေ့လာရန် လိုအပ်ပါကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် သားငယ်သမီးငယ်များအနေဖြင့် အမှန်တကယ်ကြိုးစားလျှင် ကြိုးစားမှုနှင့် ထိုက်တန်သည့် အခွင့်အလမ်းများကို ရရှိခံစားရမည်ဖြစ်ကြောင်း၊ ပညာသင်ချိန်တွင် မိမိတို့ပညာသင်ကြားရေးကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားပြီး အနာဂတ်တွင် တိုင်းပြည်ကို အကျိုးပြုနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ရည်မှန်းချက်ထားကြိုးစားကြစေလိုကြောင်း။

**ပညာရည်မြင့်မားရေး**

နိုင်ငံတော် ဝန်ကြီးချုပ်ကလည်း ပညာရေးကို အထူးအလေးထားပါကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက် အောင်မြင်စေရေး၊ လူတိုင်းအခြေခံပညာတတ်မြောက်ရေးအတွက် လမ်းညွှန်မှာကြားပြီး နိုင်ငံသားများ ပညာရည်မြင့်မားရေးအတွက်ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရည်မြင့်မားမှသာ မိမိဘဝ တိုးတက်မည်ဆိုသည်ကို ကျောင်းသားကျောင်းသူများ သိရှိနားလည်ထားရမည်ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်က အားထားရသည့် သားကောင်း သမီးမွန်ရတနာများ ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မောင်အောင်ပြည့်လင်း၊ လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မောင်ကောင်းခန့်ကြွယ်နှင့် သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မစုလှဲ့နိုင်တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၏ဇနီးက သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် မချောအိထူး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် မောင်အောင်ဖြိုးဝင်းနှင့် မောင်လပြည့်အောင်တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးက နှစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သည့် မောင်ဝေယံပြည့်စုံ၊ တစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် မနန့်သက်ဖူးခင်၊ မောင်ဇင်လင်းထက်၊ မောင်လမင်းထက်နှင့် မချမ်းမြေ့သော်တာတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက်ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာတို့ကို ဌာနအလိုက် ပေးအပ်ကြသည်။

ယင်းနောက် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်အောင်ပြည့်လင်းက တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများက ကျောင်းသီချင်းများ ပေါင်းစပ်တစ်ခန်းရပ်အစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများက ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများသည် ကျောင်းသား ကျောင်းသူများနှင့် အတူတကွ လက်ဖက်ရည်သုံးဆောင်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ဝန်ကြီးဌာနတစ်ခုလုံးအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်မှုမှာ မူလတန်း ၁၃၉၀၊ အလယ်တန်း ၅၆၄ ဦး၊ အထက်တန်း ၅၀၀၊ တက္ကသိုလ် ၃၉၃ ဦး စုစုပေါင်းကျောင်းသားကျောင်းသူ ၂၈၄၇ ဦးရှိကာ မူလတန်း ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ငွေကျပ်ငါးထောင်နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အလယ်တန်းတစ်ဦးလျှင် ငွေကျပ် ၇၅၀၀ နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အထက်တန်းတစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှင့် ဗလာစာအုပ်နှစ်ဒါဇင်၊ တက္ကသိုလ်ကျောင်းသားတစ်ဦးလျှင် ငွေကျပ်တစ်သောင်းခွဲနှင့် ဗလာစာအုပ်နှစ်ဒါဇင်နှုန်းဖြင့် စုစုပေါင်းထောက်ပံ့မှု ငွေကျပ် ၅၀၃၈၀၀၀၀ ဖြစ်သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ရိုးရိုးအောင်မြင်သူ ၃၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးတို့ရှိခဲ့ပြီး ရိုးရိုးအောင်မြင်သူတစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်း၊ ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ချီးမြှင့်ခဲ့ရာ ကျောင်းသား ကျောင်းသူများအတွက် စုစုပေါင်းထောက်ပံ့ချီးမြှင့်ငွေကျပ် ၅၅၀၈၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ပိုမိုတိုးတက်ကောင်းမွန်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၁၄**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ပိုမိုတိုးတက်ကောင်းမွန်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရဲ့ခန်းမ၌ ကျင်းပပြုလုပ်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းနှင့် ကော်ပိုရေးရှင်းတို့မှ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဆွေးနွေးတင်ပြမည့်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနသည် နိုင်ငံအတွင်း နှစ်စဉ်တိုးတက်လာသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် အမြဲမပြတ် တွက်ချက်သုံးသပ်ပြီး ရေတို၊ ရေရှည်စီမံချက်များနှင့် အတူဖြစ်နိုင်သော နည်းလမ်းပေါင်းများစွာနှင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးတင်ပြသူများမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံလိုအပ်ချက်များ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု နယ်ပယ်အတွင်း တည်ငြိမ်ပြီး အရည်အသွေး ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းကျဆင်းရေးနှင့်ခေတ်မီဓာတ်အားခ ကောက်ခံမှုစနစ်များစသည်တို့နှင့် ပတ်သက်သည့် တင်ပြချက်များကို ဆွေးနွေးတင်ပြသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသော ဌာနအကြီးအမှူးများ၊ Moderator များအဖြစ် ဆောင်ရွက်ပေးကြမည့် အဆင့်မြင့်အရာရှိကြီးများနှင့် တက်ရောက်လာသူများအနေဖြင့် ဆွေးနွေးတင်ပြသူများ၏ တင်ပြချက်များ အပေါ် သုံးသပ်အကြံပြုဆွေးနွေးခြင်း၊ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းတို့ဖြင့် ပံ့ပိုးဆောင်ရွက်ပေးကြခြင်းသည် အနှစ်သာရပြည့်ဝပြီး ရည်ရွယ်ချက် အထမြောက်၍ ရလဒ်ကောင်းများ ထွက်ပေါ်လာစေမည် ဖြစ်သည့်အတွက် ဆွေးနွေးမှုများအပေါ် အကျိုးရှိစွာ ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု ပိုမိုတိုးတက်ရေးနှင့် ပတ်သက်သည့် ဆွေးနွေးတင်ပြချက် ၁၄ စောင်ကို ဖတ်ကြားတင်ပြခြင်း၊ ဖတ်ကြားတင်ပြမှုအပေါ် ဆွေးနွေးမေးမြန်းခြင်းနှင့် အကဲဖြတ် သုံးသပ်တင်ပြခြင်းတို့ကို ဆောင်ရွက်ကြကာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တွံတေးမြို့ပေါ်ရှိ တွံတေးမြို့မရဲစခန်းအချုပ်ခန်းနှင့်မိဘဂုဏ်ဘိုးဘွားရိပ်သာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၁၄-၆-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့ပေါ်ရှိ တွံတေးမြို့မရဲစခန်း အချုပ်ခန်းနှင့် မိဘဂုဏ် ဘိုးဘွားရိပ်သာများသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)



ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် တွံတေးမြို့ပေါ်ရှိ မြို့မရဲစခန်း အချုပ်ခန်းကို ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလ အခြေအနေ၊ အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက် ခံရမှု ရှိ၊ မရှိ၊ မိသားစုတွေ့ဆုံမှု အခြေအနေ၊ တရားရုံးတွင် အမှုရင်ဆိုင်ရန် ရုံးထုတ်ချိန်အတွင်း နေထိုင်စားသောက်ရမှု အခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှု အခြေအနေ၊ အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ၊ မရှိနှင့် အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တွံတေးမြို့နယ်ရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာကိုလည်း ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဝင်ရောက်ကြည့်ရှု စစ်ဆေးစဉ် လက်ခံ စောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွား အိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှုနှင့် ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ထံမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပုဗ္ဗသီရိမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် e-ID စနစ် ကောက်ယူခြင်းများ ဆောင်ရွက်

**ပုဗ္ဗသီရိ ဇွန် ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာ အုပ်စု တံတားဦးကျေးရွာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် e-ID စနစ်အတွက် Biographic / Biometric ကောက်ယူခြင်းများကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် e-ID စနစ်အတွက် Biographic / Biometric ကောက်ယူခြင်းများ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တံတားဦးကျေးရွာရှိ အမျိုးသား ၂၈ ဦး အမျိုးသမီး ၁၅ ဦး စုစုပေါင်း လူဦးရေ ၄၃ ဦးနှင့် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားတိုင်းကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးနှင့် နိုင်ငံသားကတ်ရှိပြီးသူတိုင်း e-ID စနစ်ဖြင့် Biographic / Biometric ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းကို တစ်ပါတည်းဆောင်ရွက်လျက်ရှိရာ နိုင်ငံသားစိစစ်ရေးကတ် ၄၃ ခုနှင့် UID ၅၀ ကောက်ယူခြင်းများ ဆောင်ရွက်ပေးခဲ့ရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူး ဦးသန်းနိုင်လင်း၊ လဝကမှူး ဦးဘုန်းဟန်၊ လက်ထောက်လဝကမှူး ဦးမြတ်စည်သူနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



**သန်းသန်းနွယ်(ပုဗ္ဗ)**

# ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များနှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၄**

၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနမှကောက်ခံလျက်ရှိသော ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည် ခွန်များနှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းဆွေးနွေး ပွဲကို ဇွန် ၁၂ ရက် မွန်းလွဲပိုင်းက အောင်ဘာလေ သိန်းဆု ဌာနခွဲ (ထီဖွင့်ပွဲခန်းမ)၌ ကျင်းပသည်။



အခမ်းအနားတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)၊ ဌာနမှူးက အဖွင့်အမှာစကားနှင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယ ညွှန်ကြားရေးမှူးများက ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကုမ္ပဏီအခွန်ထမ်းများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်သည့် ကုမ္ပဏီ ၁၂၄ ခုမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**

# ငြင်းလို့မရတဲ့ AA အဖွဲ့၏ မူးယစ်ဆေးဝါးကုန်သွယ်မှု

**ယခုတလော ဘင်္ဂါလီလူမျိုးတွေကို သတ်ဖြတ်မှု၊ ဘင်္ဂါလီကျေးရွာတွေကို မီးရှို့ဖျက်ဆီးမှုများကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများရဲ့ စောင့်ကြည့်အရေးယူခံနေရတဲ့ AA အဖွဲ့ဟာ မူးယစ်ဆေးဝါးကုန်သွယ်မှုအကြီးအကျယ် ပြုလုပ်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ဖြစ်ပါတယ်။**

**မင်းခန့်**

၂၀၀၉ ခုနှစ်ကစတင်ပြီး KIA နယ်မြေမှာ စတင်ပေါ်ပေါက်ခဲ့တဲ့ AA အဖွဲ့ဟာ သူတို့အဖွဲ့ ရပ်တည်နိုင်ရေးအတွက် သူ့ဆရာ KIA အပါအဝင် UWSA၊ MNDAA၊ TNLA တို့ လမ်းစဉ်အတိုင်း ဘဏ္ဍာငွေကြေးရရှိဖို့ မူးယစ်ဆေးဝါးနဲ့အဓိကဝင်ငွေရှာဖွေခဲ့ပါတယ်။ AA အဖွဲ့ဟာ စတင်ဖွဲ့စည်းစဉ်ကတည်းက ယခုအချိန်ထိ ခိုင်မာတဲ့စီးပွားရေးလုပ်ငန်းများ မရှိသလို ရခိုင်ပြည်သူများထံမှ ဆက်ကြေးငွေလုံလုံလောက်လောက်မရရှိလို့ ရိက္ခာ၊ လက်နက်၊ ခဲယမ်းဝယ်ယူနိုင်ရေး မူးယစ်ဆေးဝါးကုန်သွယ်မှုကနေ ရရှိတဲ့ဝင်ငွေကို အဓိကအားထားနေရပါတယ်။

AA အဖွဲ့ဟာ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းမှာရှိတဲ့ အကြမ်းဖက်သောင်းကျန်းသူများရဲ့ လမ်းစဉ်အတိုင်း မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကို ပင်မစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့ပြီး သူတို့အဖွဲ့ ရှင်သန်ရပ်တည်ရေးအတွက် မူးယစ်ဆေးဝါးများကို ပြည်တွင်းမှာ ဖြန့်ဖြူးခြင်းသာမက ပြည်ပနိုင်ငံများကိုပါ တင်ပို့ရောင်းဝယ်ဖောက်ကားလျက်ရှိပါတယ်။ ဒါကြောင့်လည်း မကြာခဏ ဖမ်းဆီးရမိနေတဲ့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများမှာ AA တပ်ဖွဲ့ဝင်များကိုယ်တိုင် ပါဝင်ပတ်သက်မှုများကို မြင်တွေ့ကြားသိနေရတာ ဖြစ်ပါတယ်။

### မူးယစ်ဆေးဝါးဂိုဏ်းတစ်ခုကို ဖော်ထုတ်ဖမ်းဆီးရရှိ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိတဲ့မှတ်တမ်းများအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၄ ခုနှစ် မတ်လအထိ AA အဖွဲ့နဲ့ ဆက်စပ်တဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ကိုးကြိမ်ရှိခဲ့ပြီး မူးယစ်ဆေးဝါးကာလတန်ဖိုး ၂၉၄ ဒသမ ၈၂ ဘီလီယံကျပ် (ဒေါ်လာသန်း ၁၄၀၀ ကျော်) ရှိခဲ့ကြောင်း သိရှိရပါတယ်။ အဲဒီလို ဖမ်းဆီးရရှိမှုတွေထဲက သိသာထင်ရှားပြီး ငြင်းလို့မရတဲ့ ဖြစ်စဉ်တစ်ခုကို ဥပမာပေးရရင်တော့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့မှ ၉ ရက်နေ့အတွင်းက မြန်မာကျပ်ငွေ ၅၁ ဒသမ ၈၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄ သန်းကျော်)တန်ဖိုးရှိတဲ့ အိုက်စ် ၂ ဒသမ ၀၇ တန်အပါအဝင် ကဖင်း ၈၀၀ ကီလို ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီဖြစ်စဉ်မှာ AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ စေခိုင်းချက်အရ သူ့ရဲ့လူယုံတော်၊ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး(ခ) မောင်နိုင် (ခ) သားသား (ခ) ဝေသာထွန်းရဲ့ စီစဉ်ကြိုးကိုင်မှုနဲ့ AA တပ်ဖွဲ့ဝင်အရာရှိ လေးဦး၊ အခြားအဆင့် သုံးဦး၊ အရပ်သားရှစ်ဦးပါဝင်တဲ့ မူးယစ်ဆေးဝါးသယ်ဆောင်တဲ့ ဂိုဏ်းတစ်ခုကို ဖော်ထုတ်ဖမ်းဆီးရရှိခဲ့ပါတယ်။

ဖမ်းဆီးရမိတဲ့ AA တပ်ဖွဲ့ဝင်များကို စစ်ဆေးဖော်ထုတ်ချက်များအရ ရှမ်းပြည်နယ်ထဲက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ထုတ်လုပ်တဲ့




အိုက်စ်နဲ့ စိတ်ကြွဆေးပြားများကို AA အဖွဲ့က မန္တလေး၊ ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ကားလမ်း၊ ရေလမ်းမှ သယ်ယူပို့ဆောင်ပြီး ရခိုင်ပြည်နယ်အတွင်းနဲ့ ဘင်္ဂလားဒေ့ရှ်နယ်စပ်များသို့ ဖြန့်ဖြူးခြင်း၊ ရခိုင်ပင်လယ်ပြင်မှတစ်ဆင့် မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများသို့ ပို့ဆောင်ပြီး အဲဒီနိုင်ငံတွေမှတစ်ဆင့် အခြားပြည်ပဈေးကွက်များသို့ အဓိကထားတင်ပို့ခြင်းများကို လုပ်ဆောင်နေကြောင်း သိရှိရပါတယ်။

AA မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းမှာ တာဝန်ပေးအပ်ခံရသူများဟာ AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ လူယုံများဖြစ်ပြီး KIA နယ်မြေ လိုင်ဇာမှာရှိတဲ့ AA ဌာနချုပ်မှာ တာဝန်ထမ်းဆောင်နေသူများ အများစုဖြစ်ကြောင်း၊ အဖမ်းခံရသူများအနေဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချခြင်းကို ပုဂ္ဂလိကစီးပွားရေးအဖြစ်လုပ်နေခြင်း မဟုတ်ဘဲ AA အဖွဲ့အစည်းအတွက် တာဝန်ပေးအပ်ခံရလို့ လုပ်ဆောင်ရခြင်းဖြစ်ပြီး အခြား AA အဖွဲ့ဝင်များထက် လစာနှင့်အခွင့်အရေးများကို ပိုမိုရရှိကြောင်း၊ ပို့ဆောင်သူ၊ သယ်ဆောင်သူ၊ ရောင်းချသူများကို အကန့်စနစ်ဖြင့် လုပ်ဆောင်ထားပြီး မူးယစ်ဆေးဝါးမှရရှိသည့် အကျိုးအမြတ်များကို AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ စီမံခန့်ခွဲမှုဖြင့် အသုံးပြုရကြောင်း၊ လက်နက်မှောင်ခိုဂိုဏ်းများနဲ့ ချိတ်ဆက်ပြီး လက်နက်နဲ့ စိတ်ကြွဆေးပြား အလဲအလှယ်ပြုလုပ်လေ့ရှိကြောင်း၊ မူးယစ်ဆေးဝါးမှရရှိတဲ့ ဝင်ငွေ ၇၀ ရာခိုင်နှုန်းခန့်ကို လက်နက်ခဲယမ်း ဝယ်ယူဖြည့်တင်းမှုများ ပြုလုပ်လေ့ရှိကြောင်း သိရှိရပါတယ်။

AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးဈေးကွက်ဟာ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်မှတစ်ဆင့် အမေရိကန်အပါအဝင် ဥရောပနိုင်ငံများနဲ့ အရှေ့အလယ်ပိုင်းနိုင်ငံများအထိ နိုင်ငံတကာမူးယစ်ဆေးဝါးဂိုဏ်းများနဲ့ ချိတ်ဆက်ထားပါတယ်။ အဓိကတင်ပို့ရာလမ်းကြောင်းကတော့ မြန်မာပြည်မြောက်ပိုင်းနဲ့ အရှေ့မြောက်ဘက်မှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားတဲ့နယ်မြေတွေကနေ ထွက်ရှိတဲ့ စိတ်ကြွဆေးပြားများနဲ့ အိုက်စ်တွေကို မန္တလေးမှတစ်ဆင့် ရေလမ်းကြောင်းမှ ပြည်ပနိုင်ငံများသို့ တင်ပို့ရန်အတွက် ရန်ကုန်ဆိပ်ကမ်းများ အသုံးပြုပြီး ရခိုင်ကမ်းရိုးတန်း ပင်လယ်ပြင်မှတစ်ဆင့် မလေးရှား၊ အင်ဒိုနီးရှားများသို့ တင်ပို့ပါတယ်။ ကုန်းလမ်းကြောင်းကိုတော့ မန္တလေးမှတစ်ဆင့် မိတ္ထီလာ၊ ပျော်ဘွယ်၊ မကွေး၊ ပဒါန်းလမ်း အတိုင်း ကျောက်တော်၊ မြောက်ဦးမြို့များမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ တင်ပို့လျက်ရှိပါတယ်။

### ဖမ်းဆီးရမိမှုများ၏နောက်ကွယ်တွင် AA တပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်မှုရှိ

ဘင်္ဂလားဒေ့ရှ် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဦးစီးဌာန (Department of Narcotics Control–DNC) မှတ်တမ်းများအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ စိတ်ကြွဆေးပြားသုံးစွဲသူ ရှစ်သန်းခန့်ရှိပြီး လွန်ခဲ့တဲ့ သုံးနှစ်အတွင်း နှစ်စဉ် Yaba စိတ်ကြွဆေးပြား ဖမ်းဆီးရမိမှု ကမ္ဘာ့ထိပ်တန်း ငါးနိုင်ငံစာရင်းတွင် ပါဝင်နေကြောင်း၊ နှစ်စဉ်နှစ်တိုင်း DNC အဖွဲ့က Yaba စိတ်ကြွဆေးပြား သန်း ၅၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိတဲ့ စိတ်ကြွဆေးပြားများဟာ AA အဖွဲ့ ထိန်းချုပ်နယ်မြေများမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဖမ်းဆီးရမိမှုများ၏နောက်ကွယ်တွင် AA တပ်ဖွဲ့ဝင်များကိုယ်တိုင် ပါဝင်ပတ်သက်မှုရှိကြောင်း DNC အဖွဲ့ရဲ့ ၂၀၂၁ ခုနှစ် အစီရင်ခံစာမှာ ဖော်ပြထားရှိပါတယ်။

AA အဖွဲ့ စတင်ပေါ်ပေါက်လာပြီးနောက်ပိုင်း ရခိုင်ပြည်နယ်အတွင်း Yaba စိတ်ကြွဆေးပြားများ သိသိသာသာပေါများလာပြီး ရခိုင်လူငယ်များသာမက ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ဘင်္ဂါလီဒုက္ခသည်စခန်းများမှာလည်း စိတ်ကြွဆေးပြားသုံးစွဲသူတွေ များပြားလာခဲ့ပါတယ်။ အထူးသဖြင့် အချို့တိုက်ပွဲများအတွင်း သေဆုံးသူ AA တပ်ဖွဲ့ဝင်များဟာ စိတ်ကြွဆေးပြားသုံးစွဲထားတဲ့ အထောက်အထားများစွာ ရှိနေပြီး AA တပ်ဖွဲ့ဝင်များကို မူးယစ်ဆေးဝါး တိုက်ကျွေးပြီး တိုက်ပွဲဝင်ခိုင်းတဲ့ သတင်းများလည်း ထွက်ပေါ်လျက်ရှိပါတယ်။

**AA အဖွဲ့ဟာ ရခိုင်လူမျိုးအများစုနဲ့ ဖွဲ့စည်းထားတဲ့ လက်နက်ကိုင်အကြမ်းဖက် အဖွဲ့ဖြစ်ပေမယ့် ရခိုင်လူမျိုးတိုင်းက လက်ခံထားတဲ့ အဖွဲ့အစည်းမဟုတ်သလို ရခိုင်ပြည်နယ်နဲ့ ရခိုင်တိုင်းရင်းသားတွေကို ကိုယ်စားပြုတဲ့အဖွဲ့ မဟုတ်ပါဘူး။ ရခိုင်လူမျိုးနဲ့ ရခိုင်ပြည်နယ်ကိုချနင်းပြီး လူမျိုးရေးအစွန်းရောက်စိတ်နဲ့ ကိုယ်ကျိုးရှာ ရခိုင်လူမျိုးတစ်စုက ဦးဆောင်ပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင် လုပ်ဆောင်နေတဲ့ အကြမ်းဖက်လက်နက်ကိုင် မူးယစ်ဆေးကုန်သွယ်မှုကို အကြီးအကျယ်လုပ်နေတဲ့အဖွဲ့သာ ဖြစ်ပါတယ်။**

လူမျိုးရေးအစွန်းရောက်စိတ်နဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းများကြောင့် AA အဖွဲ့ဟာ အင်အားကြီးထွားလာပြီး ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဘင်္ဂါလီလူမျိုးတွေကို သတ်ဖြတ်မှုများ၊ အနိုင်ကျင့်နှိပ်စက်တဲ့လုပ်ရပ်များကို ပေါ်ပေါ်တင်တင် လုပ်ဆောင်လာတာ တွေ့ရှိရပါတယ်။

ယခင်က ရခိုင်နဲ့ ဘင်္ဂါလီလူမျိုးများအကြား ဖြစ်ပွားလေ့ရှိတဲ့ ပဋိပက္ခတွေမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေနဲ့အညီ ထိန်းညှိပေးထားပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းအောင် ပြုလုပ်ပေးထားနိုင်ပေမယ့် *စာမျက်နှာ ၇ သို့*

> “AA အဖွဲ့ဟာ ရခိုင်လူမျိုးအများစုနဲ့ ဖွဲ့စည်းထားတဲ့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဖြစ်ပေမယ့် ရခိုင်လူမျိုးတိုင်းက လက်ခံထားတဲ့ အဖွဲ့အစည်းမဟုတ်သလို ရခိုင်ပြည်နယ်နဲ့ ရခိုင်တိုင်းရင်းသားတွေကို ကိုယ်စားပြုတဲ့အဖွဲ့ မဟုတ်ပါဘူး။ ရခိုင်လူမျိုးနဲ့ ရခိုင်ပြည်နယ်ကိုချနင်းပြီး လူမျိုးရေးအစွန်းရောက်စိတ်နဲ့ ကိုယ်ကျိုးရှာ ရခိုင်လူမျိုးတစ်စုက ဦးဆောင်ပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင်လုပ်ဆောင်နေတဲ့ အကြမ်းဖက်လက်နက်ကိုင် မူးယစ်ဆေးကုန်သွယ်မှုကို အကြီးအကျယ်လုပ်နေတဲ့ အဖွဲ့သာဖြစ်ပါတယ်”

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် ဇွန် ၁၄**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး သရက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော မကွေးတိုင်းဒေသကြီး သရက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မတ္တရာမြို့နယ်ရှိ ကျေးရွာနှစ်ရွာမှ နေအိမ်များနှင့် ဆိုင်ကယ်အစီး ၃၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၂ ရက်တွင် ရှင်လှ(တောင်)ကျေးရွာနှင့်




ရှင်လှ(အလယ်) ကျေးရွာတို့ကို ဝင်ရောက်စီးနင်းပြီး နေအိမ် ၁၂ လုံးနှင့် ဆိုင်ကယ် အစီး ၃၀ ကျော်တို့ကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရှင်လှ(တောင်)ကျေးရွာနှင့် ရှင်လှ(အလယ်) ကျေးရွာတို့တွင် အကြမ်းဖက်သမားများကပြည်သူများကို ခြိမ်းခြောက်၍ နေအိမ်အချို့နှင့် ကျေးရွာအတွင်းရှိ အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းများတွင် မိုင်းထောင်ထားရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြည်သူများ အန္တရာယ်မဖြစ်ပွားစေရေးအတွက် သွားရောက်ရှင်းလင်း ဆောင်ရွက်နေစဉ်တွင် အကြမ်းဖက်သမားများက Drop ဗုံးများဖြင့် လာရောက်တိုက်ခိုက်ခဲ့သည့်အတွက် နေအိမ်များ ထိခိုက်ပျက်စီးခဲ့ရခြင်း ဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယင်းဖြစ်စဉ်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်ပြီး ပြည်သူများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လျော့နည်းပပျောက်ပြီး တည်ငြိမ်အေးချမ်းမှု မပျက်ပြားစေရန်အတွက် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်များတွင် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက နီးစပ်ရာ လုံခြုံရေး တပ်စခန်းများသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**



## ဒက္ခိဏသီရိမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော် ဒက္ခိဏခရိုင် မီးသတ်စခန်း၌ မြို့ပြ အထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် ရှာဖွေကယ်ဆယ်ရေးသင်တန်းကို ဇွန် ၁ ရက်မှ စတင်ကာ တစ်လကြာ သင်ကြားပို့ချလျက်ရှိသည်။

အဆိုပါ သင်တန်းမှ သင်တန်းသားများကို သဘာဝဘေးအန္တရာယ်နှင့် ရုတ်တရက်ဖြစ်ပွားပြီး ဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် အသင့်စုဖွဲ့ထားရှိကာ မြို့ပြအထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့ဖွဲ့စည်းနိုင်ရန် စုဖွဲ့လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်တိုင်းမီးသတ်ဦးစီးမှူး ဦးမြတ်သီဟနှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ယင်းသင်တန်းကို ဇွန် ၁ ရက်မှ ၃၀ ရက်အထိ သင်တန်းသား ၃၅ ဦးအား သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**ဇော်ဘီ**

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် ဇွန် ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

လုံခြုံရေးတပ်ဖွဲ့ဝင်များမရှိတဲ့နောက်မှာ ဒေသခံများအပေါ် AA အဖွဲ့ရဲ့ တရားဥပဒေမဲ့ပြုကျင့်မှုများဟာ ထင်ရှားစွာပေါ်ထွက်လာပြီး နိုင်ငံတကာက AA အဖွဲ့ရဲ့ ရက်စက်ကြမ်းကြုတ်မှုများကို သတိပြုမိလာပြီ ဖြစ်ပါတယ်။

**“AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းဟာ လူသက်သေ၊ ပစ္စည်းသက်သေ အထောက်အထားများ ခိုင်ခိုင်မာမာရှိလို့ ငြင်းလို့မရသလို မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းချမှုကို အဓိက ပင်မဝင်ငွေရရှိရေးလုပ်ဆောင်နေတဲ့ အကြမ်းဖက် လက်နက်ကိုင်အဖွဲ့ဖြစ်လို့ AA အဖွဲ့ကို အားပေးအားမြှောက် မပြုလုပ်ကြရန် နိုင်ငံတကာကို တိုက်တွန်းအသိပေးလိုပါတယ်”**




၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း AA တပ်ဖွဲ့ဝင်များနှင့်အတူ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ။

အမှန်စင်စစ် ရခိုင်ပြည်နယ်အတွင်း ဘူးသီးတောင် မောင်တောဒေသက ဘင်္ဂါလီလူမျိုးတွေကိုသတ်ဖြတ်ကာ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုတွေကို လုပ်ဆောင်လာလို့ ကမ္ဘာ့နိုင်ငံများက အာရုံစိုက်ခံနေရတဲ့ အကြမ်းဖက်သောင်းကျန်းသူ AA အဖွဲ့ဟာ မူးယစ်ဆေးဝါးနဲ့ ဘဏ္ဍာငွေရှာဖွေပြီး လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လုပ်နေတဲ့အဖွဲ့ဖြစ်လို့ လူသားမျိုးနွယ်တစ်ခုလုံးအတွက်ပါ အန္တရာယ်ရှိတဲ့ မူးယစ်ရာဇဝတ်များဖြစ်ကြောင်း နိုင်ငံတကာကသိရှိအောင် မီးမောင်းထိုးပြခြင်း ဖြစ်ပါတယ်။

**AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းဟာ လူသက်သေ၊ ပစ္စည်းသက်သေ အထောက်အထားများ ခိုင်ခိုင်မာမာရှိလို့ ငြင်းလို့မရသလို မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းချမှုကို အဓိက ပင်မဝင်ငွေရရှိရေးလုပ်ဆောင်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဖြစ်လို့ AA အဖွဲ့ကို အားပေးအားမြှောက်မပြုလုပ်ကြရန် နိုင်ငံတကာကို တိုက်တွန်းအသိပေးလိုပါတယ်။**

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး အရှိန်အဟုန်မြင့်လုပ်ဆောင်နေသလို AA အဖွဲ့ရဲ့ မူးယစ်ကုန်သွယ်မှုလမ်းကြောင်းများကို ပိတ်ဆို့ပြီး မူးယစ်ဆေးဝါးသယ်ဆောင်မှုများကို ဖမ်းဆီးရမိရေး အလေးထားလုပ်ဆောင်နေတာကို မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ ဖမ်းဆီးရမိတဲ့ တရားခံများရဲ့ ထွက်ဆိုချက်၊ သက်သေအထောက်အထားများအရ AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းများဟာ ငြင်းလို့မရနိုင်ဘဲ နိုင်ငံတကာမှာရှိတဲ့ မူးယစ်ရာဇဝများ၊ တရားမဝင်လက်နက်မှောင်ခိုဂိုဏ်းများ၊ နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများနှင့် ပတ်သက်ဆက်နွှယ်မှုများ ရှိနေကြောင်း ဖော်ထုတ်ရေးသားလိုက်ရပါတယ်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနားနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅) နှစ်အောက် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၄**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး ပြည်သူများသို့ အသိပညာပေးဆိုင်းဘုတ် (Bill-board) စိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း သိုက်ချောင်းလမ်းဆုံအနီး၌ ကျင်းပရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။



### ဖဲကြိုးဖြတ်ဖွင့်

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နေပြည်တော်တိုင်းဦးစီးမှူးတို့က ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး ပြည်သူများသိရှိနိုင်စေရန်အတွက် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့" အသိပညာပေးဆိုင်းဘုတ် (Bill-board) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လက်ကမ်းစာစောင်များနှင့် လှုံ့ဆော်ရေး အထောက်အကူပြုပစ္စည်းများကို တက်ရောက်လာကြသူများထံ ဖြန့်ဝေပေးကြသည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဖူဆယ် (အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲစဉ်အဖြစ် တပ်ကုန်းမြို့နယ် အသင်းနှင့် ပျဉ်းမနားမြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များက အကောင်းဆုံးအားကစားသမားဆုရရှိသည့် အားကစားသမားနှင့် တတိယဆုရရှိသည့် ဥတ္တရသီရိမြို့နယ်အသင်း၊ ဒုတိယဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပထမဆုရရှိသည့် တပ်ကုန်းမြို့နယ်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပထမဆုရရှိသည့် တပ်ကုန်းမြို့နယ်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပျဉ်းမနားမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် လယ်ဝေးမြို့နယ် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် နေပြည်တော် လယ်ဝေးမြို့နယ် ဝက္ကမူကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဝက္ကမူကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ ချောင်းခွကျေးရွာ၊ သဲကောကျေးရွာ၊ ရှားကုန်းကျေးရွာ၊ ဇောင်ချမ်းကုန်းကျေးရွာ၊ အောင်းကုန်းကျေးရွာနှင့် ပြည်ဝင်ကျေးရွာတို့မှ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### လွှဲပြောင်းကုသပေးခဲ့

ဒေသခံပြည်သူများအား အခမဲ့ ဆေးကုသပေးပြီး ကျန်းမာရေး စောင့်ရှောက်ပေးရာတွင် အထွေထွေ ရောဂါလူနာ ၅၇ ဦး၊ မျက်စိလူနာ ၆၇ ဦး၊ ခွဲစိတ်လူနာ ၁၄ ဦး၊ အရိုးလူနာ ၇၀၊ ကလေးလူနာ ၈ ဦး၊ သားဖွားမီးယပ်လူနာ ၁၅ ဦး၊ သွားလူနာ ၂၂ ဦး စုစုပေါင်းလူနာ ၂၅၃ ဦးကိုကျန်းမာရေးစောင့်ရှောက်မှုပေးပြီး လူနာ ၁၆ ဦးကို ဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ပျံချီ)သို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု၊ စာသင်ခန်းများ၊ သင်ထောက်ကူခန်းများ၊ ကွန်ပျူတာခန်းများနှင့် ကျောင်းစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လယ်ယာမြေကို ခွင့်ပြုမိန့်မရှိဘဲ အခြားနည်း သုံးစွဲထားရှိမှုများ မရှိစေရေးနှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် (SOP) နှင့်အညီ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက နေပြည်တော်အတွင်းရှိ လယ်ယာမြေကို ခွင့်ပြုမိန့်မရှိဘဲ အခြားနည်း သုံးစွဲထားရှိမှုများ မရှိစေရေးနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် (SOP) နှင့်အညီ စီမံဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်တန်းမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော် ၁၆ ပါးနှင့် ဒေသခံပြည်သူ ၂၀၆ ဦး စုစုပေါင်း ၂၂၂ ပါး/ဦးတို့ကို အဆိုပါရပ်ကွက်ရှိ မြို့ဦးပရိယတ္တိစာသင်တိုက်၌လည်းကောင်း၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ မိုးကုလားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်တစ်ပါးနှင့် ဒေသခံပြည်သူ ၁၃၅ ဦး စုစုပေါင်း ၁၃၆ ပါး/ဦးတို့ကို အဆိုပါ ကျေးရွာရှိ မိုးကုလားဘုန်းတော်ကြီးကျောင်းတိုက်၌လည်းကောင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများအား သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေးလှုံ့ဆော်ရေး ဆိုင်းဘုတ်စိုက်ထူ

**ထားဝယ် ဇွန် ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ ဆောင်ပုဒ်နှင့်အညီ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေး လှုံ့ဆော်ရေး Billboard စိုက်ထူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အာဇာနည်လမ်း မြို့တော်ခန်းမအနီး မြင်းစီးကြေးရပ်ရှေ့၌ ကျင်းပသည်။



### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းဒေသကြီး သန်းခေါင်စာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုတို့က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေး လှုံ့ဆော်ရေး Bill Board ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

### အသိပညာပေးဖြန့်ဝေ

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ဦးစီးမှူးရုံးမှဝန်ထမ်းများက ခရီးသွားလာပြည်သူများ၊ ဒေသခံပြည်သူများအား အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် ပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

### ကိန်းဂဏန်းအချက်အလက်များ ရရှိရန်

နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိရန်စသည့်ရည်ရွယ်ချက်ဖြင့် သန်းခေါင်စာရင်း ကောက်ယူခြင်းဖြစ်သည်။

### ကောက်ယူသွားမည်

စာရင်းကောက်များသည် မိမိတာဝန်ကျရာ စာရင်းကောက်ကွက်အတွင်း တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် Mobile Tablet များအသုံးပြု၍ သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ၁၅ ရက်ကြာ တစ်နိုင်ငံလုံးတွင် သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်နိုင်ရေး ဩဝါဒခံယူပွဲနှင့် အလှူငွေဆက်ကပ်ခြင်းအခမ်းအနားကျင်းပ

**မုံရွာ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရေး ဩဝါဒခံယူပွဲ နှင့် အလှူငွေဆက်ကပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်ကြီးရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက်သည်။

ဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။



ဆက်လက်၍ ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ဩဝါဒခံယူပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ရေးကိစ္စနှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက သီတဂူဆရာတော်ကြီးနှင့် ပင့်သံဃာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး(အောက်ခံပုံ) တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ အလှူငွေကျပ်သိန်း ၅၀၀ အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး သီတဂူဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် သီတဂူဆရာတော်ကြီးနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ရေး အတွက် ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းလျှောက်ထားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှည်းကူးမြို့နယ် သမဝါယမကောလိပ်ဝင်း(ဖောင်ကြီး)၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် လှည်းကူးမြို့နယ် သမဝါယမကောလိပ်ဝင်းအတွင်း ယနေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် (ဒုတိယ)အကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ စစ်ဘက်ဆိုင်ရာတပ်မတော် အရာရှိကြီးများ၊ ဥပဒေချုပ်၊တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်မှ ဝန်ထမ်းများ၊ သမဝါယမ ကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သစ်တောဦးစီး ဌာနမှ ဝန်ထမ်းများ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ အခြေခံပညာ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၂၆၄ ဦးဖြင့် ပျိုးသက် နှစ်နှစ်နှင့်အထက် အပင်အမြင့် နှစ်ပေနှင့် အထက်ရှိသော ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊မဟော်ဂနီ၊ မန်ကျည်းရှား၊ စိန်ပန်း၊ ခရေ၊ မာလာ လူးကားနှင့် ပျဉ်းမ စုစုပေါင်း သစ်မျိုးကိုးမျိုး၊ ပျိုးပင် ၆၂၇၃ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။



ရန်ကုန်တိုင်း ဒေသကြီး သစ်တောဦးစီးဌာန အနေဖြင့် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လူထုဖြန့် ပျိုးပင်ပေါင်း ၄၅၀၀၀၀ ကို ၂၀၂၄ ခုနှစ် မိုးရာသီတွင် ဆက်လက်၍ ဖြန့်ဝေစိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၁၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ" ကို ဇွန် ၁၇ ရက်မှ ၂၂ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားကို စိတ်ဝင်စားသည့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အနည်းငယ်မြင့်သော်လည်း လက်ရည်အရကွာခြားမှုမရှိခဲ့ဘဲ ပထမအချီတွင် နှစ်ဦးစလုံးအပြန်အလှန် အတိုက်အခိုက်အောင် ထိုးသတ်နိုင်ခဲ့သည်။ ဒုတိယအချီတွင်မှ မိုးထက်အောင် အနည်းငယ်သာလာပြီး လက်သီးချက်များ၊ ခြေကန်ချက်များကြောင့် ကာဇူကီယာမာဂီရှိ ယိုင်ဆင်းလာခဲ့သည်။ တတိယအချီတွင် မိုးထက်အောင်က အချိန်အများစု လက်ရည်အသာဖြင့် ထိုးသတ်နိုင်ခဲ့ပြီး လက်သီးချက်နှင့် ခြေကန်ချက်များအပြင် ဒူးတိုက်ချက်ကြောင့်လည်း ကာဇူကီယာမာဂီရှီအထိနာခဲ့ရာ အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် မိုးထက်အောင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

ဓာတ်ပုံ – ONE Championship

# ပေါင်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ပေါင် ဇွန် ၁၄**

မွန်ပြည်နယ်အနေဖြင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် မုန်တိုင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန် ၁၄ ရက် နံနက်ပိုင်းက မုတ္တမကျေးရွာ အမှတ်(၆) နယ်မြေ မြင်းတပ်ရပ်၌ ပြုလုပ်သည်။

ရှေးဦးစွာ ရေဘေးအတွက် နှိုးဆော်သတိပေးခြင်း၊ ရေဘေးကျရောက်နိုင်သော ဒေသများရှိ နေထိုင်သူများအား ရွှေ့ပြောင်းခြင်း၊ ရေစီးနှင့်အတူ မျောလာသူများကို ကယ်ဆယ်ခြင်း၊ ရေဘေးသင့်နေရာများ၌ လှည့်လည်စစ်ဆေးဆောင်ရွက်ခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းတွင် ဆေးဝါးကုသမှုနှင့် စားရေရိက္ခာများ ဝေငှပြီး ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုခြင်းနှင့် ဆေးရုံ/ ဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း ဇာတ်တိုက်လေ့ကျင့်နေမှုများကို သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲရင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။

ထို့နောက် သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မုန်တိုင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအား မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြိုးကြပ်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေး မီးသတ်ဦးစီးဌာနနှင့် လုပ်ငန်းကော်မတီအသီးသီးမှ စုစည်းညီညွတ်စွာဖြင့် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရေဘေးကယ်ဆယ်ရေးဇာတ်တိုက် သရုပ်ပြအဖွဲ့ဝင်များက လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့များ၏သဘာဝဘေးကယ်ဆယ်ရေးပစ္စည်းကိရိယာများ၊အသက်ကယ်လှေများ၊ စုဆောင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ပုသိမ်ကြီးမြို့နယ်၌ စမ်းဝတီသဘာဝမြေဩဇာထောက်ပံ့ပေးအပ်

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေမကျေးရွာရှိ ရှိုးမမြိုင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းအား မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းချုပ်က စမ်းဝတီ သဘာဝမြေဩဇာ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၂ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှိုးမမြိုင် စိုက်ပျိုးထုတ်လုပ်ရေး အသင်း၊ အသင်းပိုင်ယာမြေများ သီးနှံအထွက်နှုန်း ကောင်းမွန်စေရေး၊ အသင်းကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အသင်းလက်ဝယ်အရောက် စမ်းဝတီသဘာဝမြေဩဇာများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။

အဆိုပါ သဘာဝမြေဩဇာထောက်ပံ့ပေးအပ်ရာသို့ မန္တလေး တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်တင်မိုးနွယ်၊ တိုင်းဒေသကြီး သမဝါယမအသင်းချုပ်မှ အမှုဆောင် ဦးဟန်၊ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာ ထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်မှ ဦးတင်အောင်ထွန်းနှင့် တာဝန်ရှိသူများ၊ ရှိုးမမြိုင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမှန်တရားကို မျက်ကွယ်ပြု ရည်ရွယ်ချက်ရှိရှိ ဇာတ်နာအောင်လုပ်ကြသူတွေ

*ကိုရေချမ်း*

မြန်မာနိုင်ငံကနေ နေရပ်စွန့်ခွာသွားတဲ့ ဘင်္ဂါလီအရေးနဲ့ပတ်သက်ပြီး ပြောနေ ဆိုနေကြတာတွေဟာ ပြည်သူတွေကြားမှာ အထူးအဆန်းမဟုတ်တော့ပါဘူး။ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသွားကြတယ်ဆိုတဲ့ ဘင်္ဂါလီ (၎င်းတို့အဆို ရိုဟင်ဂျာ) ကိစ္စနဲ့ပတ်သက်လို့ ပြည်ပနိုင်ငံတွေ၊ ကုလသမဂ္ဂလို အဖွဲ့အစည်းတွေ၊ ပြည်ပအခြေစိုက် မီဒီယာတွေက အစဉ်တစိုက် ပြောဆိုကြတာတွေကို မရိုးနိုင်အောင် ကြားခဲ့ကြရမှာဖြစ်ပါတယ်။

### အမှန်တရားဖုံးကွယ်

အခြေအနေမှန်ကို မသိကြတဲ့သူတွေ၊ သိလျက်နဲ့ မသိချင်ယောင်ဆောင်နေတဲ့သူတွေအနေနဲ့ နေရပ်စွန့်ခွာတဲ့သူတွေလို့ဆိုတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းတွေက ဘင်္ဂါလီတွေကို မြန်မာနိုင်ငံကပဲ မောင်းထုတ်လိုက်သလိုလို၊ ပြန်မလာနိုင်အောင် ပြုလုပ်နေသလိုလို၊ လူ့အခွင့်အရေးတွေ ချိုးဖောက်ခံနေရသလိုလိုဆိုတဲ့ အသံတွေပဲ ကြားကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဘင်္ဂါလီတွေအပေါ် လူမျိုးတုံးသတ်ဖြတ်လို့ ရာဇဝတ်မှုတွေနဲ့ စစ်ရာဇဝတ်မှုတွေကို အသိအမှတ်ပြုဖို့၊ ရာဇဝတ်မှုကျူးလွန်သူအားလုံးကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICC)နဲ့ အခြားနိုင်ငံတကာ ခုံရုံးတွေကတစ်ဆင့် တရားစီရင်ဖို့နဲ့ ထပ်မံဖြစ်ပွားခြင်းမှ ကာကွယ်ဖို့၊ တရားမျှတမှုရှိစေဖို့အတွက် ကြိုးပမ်းမှုတွေမှာ ပံ့ပိုးကူညီဖို့၊ ဘင်္ဂါလီတွေကို အကာအကွယ်ပေးတာတွေ မြှင့်တင်ဖို့ ဆိုတာတွေကိုပဲ တစိုက်မတ်မတ် ပြောဆိုနေကြပါတယ်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးပိတ်/တံခါးဖွင့် အစည်းအဝေးတွေအထိတောင် နေရပ်စွန့်ခွာ ဘင်္ဂါလီတွေရဲ့အရေးဟာ အမြဲလိုလို မပါမဖြစ်ပါနေခဲ့ပါတယ်။ အနောက်နိုင်ငံတွေရယ်၊ OIC နိုင်ငံတွေနဲ့ မကင်းရာမကင်းကြောင်း နိုင်ငံတွေက ကန့်ကွက်မှုတွေ၊ ဖိအားပေးမှုတွေ၊ တွန်းအားပေးမှုတွေ လုပ်ကြပါတယ်။ ရခိုင်ပြည်နယ်က ဘင်္ဂါလီပြဿနာဟာ နောက်ခံသမိုင်းကြောင်း ရှည်လျားပြီး ရှုပ်ထွေးနက်နဲတဲ့ ပြဿနာတစ်ရပ် ဖြစ်ပါတယ်။ တကယ်တော့ ပြဿနာရှိရင် အဖြေရှိရမှာဖြစ်ပါတယ်။ ရိုးရိုးသားသား လုပ်ကိုင်ကြမယ်ဆိုရင် ဖြေရှင်းနိုင်တဲ့ ပြဿနာဖြစ်ပါတယ်။ မရိုးသားဘဲ မမှန်ကန်တဲ့ လုပ်ရပ်တွေ၊ ရည်ရွယ်ချက်တွေ၊ အသုံးချမှုတွေရှိနေတာကြောင့် ဖြေရှင်းမရတဲ့ ပြဿနာဖြစ်နေတာပါ။

> ❖ **ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးပိတ်/တံခါးဖွင့် အစည်းအဝေးတွေအထိတောင် နေရပ်စွန့်ခွာ ဘင်္ဂါလီတွေရဲ့ အရေးဟာ အမြဲလိုလို မပါမဖြစ် ပါနေခဲ့ပါတယ်။ အနောက်နိုင်ငံတွေရယ်၊ OIC နိုင်ငံတွေနဲ့ မ ကင်းရာမကင်းကြောင်း နိုင်ငံတွေက ကန့်ကွက်မှုတွေ၊ ဖိအားပေးမှုတွေ၊ တွန်းအားပေးမှုတွေ လုပ်ကြပါတယ်။ ရခိုင်ပြည်နယ်က ဘင်္ဂါလီပြဿနာဟာ နောက်ခံသမိုင်းကြောင်း ရှည်လျားပြီး ရှုပ်ထွေးနက်နဲတဲ့ ပြဿနာ တစ်ရပ်ဖြစ်ပါတယ်။ တကယ်တော့ ပြဿနာရှိရင် အဖြေရှိရမှာ ဖြစ်ပါတယ်။ ရိုးရိုးသားသား လုပ်ကိုင်ကြမယ်ဆိုရင် ဖြေရှင်းနိုင်တဲ့ ပြဿနာဖြစ်ပါတယ်။ မရိုးသားဘဲ မမှန်ကန်တဲ့လုပ်ရပ်တွေ၊ ရည်ရွယ်ချက်တွေ၊ အသုံးချမှုတွေ ရှိနေတာကြောင့် ဖြေရှင်းမရတဲ့ ပြဿနာဖြစ်နေတာပါ**

### ထူးဆန်းသလိုဖြစ်နေ

တကယ်တမ်းမှာ အနီဒုက္ခသည် ဘင်္ဂါလီတွေကို ခုတုံးလုပ်၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုက်အဝန်းတွေနဲ့ ချိတ်ဆက်ပြီး နည်းလမ်းပေါင်းစုံဆောင်ရွက်မှုတွေ ရှိနေဆဲဖြစ်ပါတယ်။ ၎င်းတို့ ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာနဲ့ ဂုဏ်သိက္ခာရှိရှိ ရေရှည်တည်တံ့တဲ့ နေရပ်ပြန်ပို့ရေးဆိုတာတွေကို လေသံကောင်းတွေလွှင့်ပြီး ပြောနေ၊ ဆိုနေကြပေမယ့် အမှန်တရားကို ပုံဖျက်ပြီး ရည်ရွယ်ချက်ရှိရှိ လုပ်နေတဲ့ အဖြစ်မှန်တွေကိုလည်း ထုတ်ဖော်ပေးဖို့ လိုပါတယ်။ နိုင်ငံရေးအမြတ်ထုတ်လိုသူတွေ၊ စားပေါက်ထွင်လိုတဲ့သူတွေ၊ အချောင်နှိုက်လိုသူတွေ ရှိနေတာကို သိဖို့လိုပါတယ်။ ဘင်္ဂါလီအရေး ပြောဆိုနေကြတာတွေဟာ အထူးအဆန်းလို မဟုတ်ပေမယ့် နောက်ကွယ်က အခြေအနေမှန်ကို ကွဲကွဲပြားပြား သိရရင်တော့ ထူးဆန်းသလိုဖြစ်မှာ သေချာပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ ဘင်္ဂါလီဒုက္ခသည် အရေးဟာ မြစ်ပွားနာလို အမြစ်မပြတ်နိုင်ဖြစ်နေပါတယ်။ သမိုင်းတစ်လျှောက် ဖြေရှင်းမရဖြစ်နေတဲ့ ဒုက္ခသည်အရေးရဲ့ အခြေအနေမှန်ကို ပွင့်လင်းမြင်သာစွာ သိဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၆–၂၀၁၇ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ကိစ္စတွေနဲ့ ပတ်သက်လို့ နိုင်ငံတကာတရားရုံးမှာ မြန်မာနိုင်ငံမှ အဲဒီကာလ အစိုးရက သွားရောက်ဖြေရှင်းခဲ့ပြီး ဖြစ်ပါတယ်။ မျက်မှောက်ကာလမှာလည်း သတ်မှတ်ထားတဲ့ အချက်တွေအတိုင်း နိုင်ငံကို တာဝန်ယူထားတဲ့ အစိုးရက သွားရောက်ဖြေရှင်းခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ လိပ်ခဲတည်းလဲဖြစ်နေတဲ့ ပြဿနာဟာ အမှန်တရားကို မျက်ကွယ်ပြုပြီး အမှားတွေကို ပုံဖော်နေကြတာ၊ နိုင်ငံရေးအမြတ်ထုတ်တာ၊ အခွင့်အရေးတွေ ယူနေတာကြောင့် အဆုံးမသတ်နိုင်တဲ့ ပြဿနာဖြစ်နေပါတယ်။

### အလေးပေးဖော်ပြ

ဘင်္ဂါလီတွေကို ခုတုံးလုပ်ပြီး မမှန်ကန်တဲ့ လုပ်ရပ်တွေနဲ့ ပတ်သက်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုယ်တိုင်အမှန်ကို ထုတ်ဖော်ပြောဆိုလာပါတယ်။ ဘင်္ဂါလီတွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ကင်ဆာဆဲလ်တွေလို ဖြစ်နေပါတယ်တဲ့။ မြန်မာနိုင်ငံအနေနဲ့ ဘင်္ဂါလီတွေကို ပြန်လည်ခေါ်ဆောင်ဖို့ အစီအစဉ်တွေရှိတာ မှန်ပေမယ့်လည်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နဲ့ အခြားနိုင်ငံတွေက သူတို့အား မြန်မာနိုင်ငံကို မပြန်ဖို့၊ ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းတွေမှာသာ နေထိုင်ဖို့နဲ့ စားနပ်ရိက္ခာတွေနဲ့ လိုအပ်တာတွေကို ထောက်ပံ့ပေးမယ်လို့ ပြောကြားတာတွေရှိပါတယ်တဲ့။ ၁၉၉၀ ပြည့်နှစ်ကာလတွေမှာ မြန်မာနိုင်ငံဟာ ဘင်္ဂါလီတွေကို အောင်မြင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ဒါဟာ ထိုစဉ်က မီဒီယာတွေ နည်းပါးတာကြောင့်ဖြစ်ကာ ယခုအခါမှာ အနောက်နိုင်ငံနဲ့ OIC တို့က မွေးကျွေးထားတဲ့ နိုင်ငံတကာမီဒီယာတွေ၊ ပြည်တွင်းမီဒီယာတွေကပါ နေရပ်မပြန်ရေးကို အလေးပေးဖော်ပြနေတယ်လို့ ဆိုပါတယ်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)ဟာ ဒုက္ခသည်တွေနဲ့ ပတ်သက်လို့ စီးပွားရေးသဖွယ်လုပ်ကိုင်နေတာကြောင့် ဒုက္ခသည်တွေ မရှိတော့ပါက ၎င်းတို့အနေနဲ့ အလုပ်လက်မဲ့ အခြေအနေဆိုက်မှာစိုးလို့ ဘင်္ဂါလီဒုက္ခသည်တွေသာမက ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်တွေကို ၎င်းတို့ရဲ့ မိခင်နိုင်ငံတွေကို ပြန်သွားဖို့ကို မတိုက်တွန်းဘဲ လက်ခံထားတဲ့နိုင်ငံတွေမှာသာ နေထိုင်ဖို့နဲ့ ၎င်းတို့ဘက်မှ လိုအပ်တာတွေကို ထောက်ပံ့ပေးပါမယ်လို့ ပြောဆိုနေကြပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ ဘင်္ဂါလီတွေကို နေရပ်ပြန်လည်ပို့ဆောင်ရေးနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံနဲ့ နှစ်နိုင်ငံညှိနှိုင်းဖြေရှင်းနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ အခြား တတိယနိုင်ငံ/အဖွဲ့အစည်း (Third Party)တွေက ဝင်ရောက်ဆောင်ရွက်ပေးဖို့ မလိုအပ်ဘူးလို့ ထင်မြင်ပါတယ်တဲ့။

### မက်လုံးပေးစည်းရုံး

ဒါ့အပြင် တတိယနိုင်ငံ/တတိယအဖွဲ့အစည်းတွေဟာ နေရပ်ပြန်လည်ပို့ဆောင်ဖို့ မြန်မာနိုင်ငံမှာ အခြေအနေကောင်းတွေမရှိသေးကြောင်း၊ နိုင်ငံသားရရှိမည်မဟုတ်ကြောင်းနဲ့ ပြန်လည်နေရာချထားရေးအတွက် အစီအစဉ်ကောင်းတွေမရှိကြောင်း စသဖြင့် ပြောကြားနေမှုတွေကြောင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေ မစတင်နိုင်ဘဲ ဖြစ်နေပါတယ်တဲ့။ အိန္ဒိယ၊ တရုတ်နဲ့ ဂျပန်နိုင်ငံတွေက နေရပ်စွန့်ခွာသွားသူတွေအတွက် မြန်မာနိုင်ငံမှာ နေအိမ်တွေဆောက်ပေးထားသော်လည်း အခြေအနေကောင်းတွေ ဖန်တီးထားခြင်းမရှိတာကြောင့် နေရပ်မပြန်ဖို့နဲ့ ၎င်းတို့နိုင်ငံကို ခေါ်ဆောင်မှာဖြစ်ကြောင်း အမေရိကန်နိုင်ငံကိုယ်တိုင်က မဟုတ်တဲ့ မက်လုံးပေး စည်းရုံးပြောကြားနေတာတွေလည်း ရှိနေပါတယ်တဲ့။

ကော့စ်ဘဇားရှိ ဒုက္ခသည်စခန်းတွေမှာ နိုင်ငံတကာအဖွဲ့အစည်းများစွာ လုပ်ကိုင်လျက်ရှိရာမှာ အလှူငွေတွေကို ဘယ်လောက်ရရှိလို့ ဘယ်လိုရရှိတယ်၊ ဘယ်လောက်ထိရောက်တဲ့ လုပ်ငန်းတွေမှာ ဘယ်လိုပမာဏနဲ့ သုံးစွဲနေတယ်စတာတွေကို မသိရှိရလို့ အဲဒီအဖွဲ့အစည်းတွေကို တတ်နိုင်သရွေ့ အမြန်ဆုံး ပိတ်သိမ်းသင့်တယ်၊ ဘယ်အဖွဲ့အစည်းက ဘယ်ကဏ္ဍအတွက် ဆောင်ရွက်နေတာကိုပင် မသိရှိနိုင်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ အဆိုပါနိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်ချက်တွေကို ကြပ်မတ်ဆောင်ရွက်နေတယ်ဆိုတာတွေကို ဘင်္ဂလားဒေ့ရှ် လွှတ်တော်

*စာမျက်နှာ ၁၁ သို့*

> ❂ **ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်လက်ခံရေးအစီအစဉ်တွေကို မြန်မာနိုင်ငံက တစိုက်မတ်မတ် မျက်ခြည်မပြတ် ပြုလုပ်ပေးလျက်ရှိပေမယ့်လည်း နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်လက်ခံရေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း မမှန်မကန်စွပ်စွဲပြောဆို ဖိအားပေးမှုတွေရှိခဲ့ပါတယ်။ လက်တွေ့မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရ ညှိနှိုင်းသဘောတူညီမှုတွေနဲ့ နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်လက်ခံရေးအစီအစဉ်ကို စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်အကောင်အထည်မဖော်နိုင်သေးဘဲ ရပ်တန့်နေတဲ့ အကြောင်းရင်းမှန်တွေကို ဖုံးကွယ်ထားတာဟာ မရိုးသားတဲ့အချက် ဖြစ်ပါတယ်။ ယခု ဘင်္ဂလားဒေ့ရှ်လွှတ်တော် နိုင်ငံခြားရေးဝန်ကြီးဌာနဆိုင်ရာ ကော်မတီဥက္ကဋ္ဌက ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)နဲ့ အခြားနိုင်ငံတွေ၊ မီဒီယာတွေက ဘင်္ဂါလီတွေ နေရပ်မပြန်နိုင်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေတာတွေကို ရှင်းရှင်းလင်းလင်းပြောကြားလိုက်လို့ အဖြစ်မှန်တွေကို ထင်ရှားပေါ်လွင်စွာ သိကြရပြီဖြစ်ပါတယ်**

## မြန်မာစာ မြန်မာစကား

### သတိပြုလေ တို့ ၊ များ၊ တွေ

တစ်မျိုးတည်း သို့မဟုတ် နှီးနွယ်ပတ်သက်နေသော အမျိုးအစားတို့ကို အကြွင်းအကျန်မရှိ တပေါင်းတစည်းတည်း ဖော်ပြလိုသောအခါ **တို့** ကိုသုံးသည်။

၁။ စန္ဒာ၊ ဇာနည်၊ ရွှေစင်ဝင်း**တို့** အောင်ကြတယ်။
၂။ မိုးဇော်နဲ့ သူ့အစ်ကို**တို့** ပြန်လာမယ်ပြောတယ်။
၃။ ရွှေတိဂုံဘုရား၊ မဟာမြတ်မုနိဘုရား**တို့**ကို ဖူးမြော်ချင်ပါတယ်။
၄။ ငါ**တို့**သည် မြန်မာနိုင်ငံနှင့် တိုင်းရင်းသားလူမျိုးများအပေါ် သစ္စာရှိပါမည်။
၅။ ခြေလေးချောင်းသတ္တဝါ**တို့**တွင် ဆင်သည် အကြီးဆုံးဖြစ်သည်။
၆။ ငှက်**တို့**၏ ဘုရင်ကား ဂဠုန်တည်း။

တစ်ခုမက များပြားသော အရေအတွက်ရှိသည့် အမျိုးအစားကို ဖော်ပြလိုသောအခါ **များ**ကို သုံးသည်။ ပြောဟန်တွင် **တွေ**ကို သုံးသည်။

၁။ မိဘပြည်သူ**များ**ကလည်း တစ်တပ်တစ်အား ပါဝင်ကြဖို့ တိုက်တွန်း လိုက်ရပါသည်။
၂။ ကျောင်းသား ကျောင်းသူ**များ**၊ ဆရာ ဆရာမ**များ**နှင့် ကျောင်းသားမိဘ**များ** တက်ရောက်ကြပါသည်။
၃။ ငါးကြင်း**တွေ**ဆန်၊ ငါးတန်**တွေ** သောင်ခြေဦးမှာ.....
၄။ အိပ်မက်ထဲမှာ (၂၀၀)တန်**တွေ** အထပ်လိုက်သုံး၊ တိုက်ကြီး**တွေ** ဆောက်၊ ကားကြီး**တွေ**စီး.....
၅။ နောက်နှစ်ရက်အဖို့ မြန်မာနိုင်ငံမြောက်ပိုင်းဒေသ**တွေ**မှာ မိုးဆက်လက်ရွာပါမယ်ရှင်။

**များ၊ တွေ** ကို

(၁) ၂၅ **များ**၊ ၁၅၀ **များ**၊ ၁၀၀ **တွေ** စသည်ဖြင့် ကိန်းဂဏန်း**များ**နှင့် တွဲမသုံးနိုင်ပါ။
(၂) ငါ၊ သင်၊ မင်း စသည့် နာမ်စားများနှင့် တွဲမသုံးနိုင်ပါ။ ရန်ကုန်၊ မန္တလေး၊ မကွေး၊ မောင်မောင်၊ မလှ စသော တစ်ဦးတစ်ယောက်တည်းနှင့်သာ သက်ဆိုင်သော နာမ်များနှင့်လည်း တွဲမသုံးနိုင်ပါ။ တွဲသုံးလျှင် အနက်အဓိပ္ပာယ် လွဲနိုင်သည်။

(ငါ**များ** ထီပေါက်ရင် ဘယ်လောက်ကောင်းမလဲ။ ဂူဂူး**များ** သိရင် သိပ်ဝမ်းသာမှာပဲ။ ဂျိုကီးကိုပြော**များ** ပြောမိသွားသလား စသည့် အသုံးများရှိသည်။ သို့ရာတွင် ဗဟုဝုစ်ကိန်းကို ဖော်ပြနေခြင်း မဟုတ်ဘဲ လေးနက်ခြင်းကို ပြခြင်းဖြစ်သည်။)

၁။ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း **တွေ/များ** မှာ နေရာကွက်၍ မိုးရွာနိုင်ပါသည်။ ✗

( ပဲခူးတိုင်းသည် တစ်တိုင်းမက များပြားစွာရှိနေသည်ဟူသော အဓိပ္ပာယ် သက်ရောက်သည်။)


**(မသင့်)**



၂။ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း**တို့**မှာ နေရာကွက်၍ မိုးရွာနိုင်ပါသည်။ ✔

(ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း ဟူသော တိုင်း ၃-တိုင်း စလုံးတွင် မိုးရွာနိုင်သည်ဟူသော အနက်အဓိပ္ပာယ်ရသည်။ )

**(သင့်)**



မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

---

## မင်းဘူး(စကု)မြို့နယ်၌ ပျိုးပင်ပေါင်း ၂၇၈၀၀၀ ကျော် ပျိုးထောင်ထားရှိ

**မင်းဘူး ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးရာသီတွင် သစ်ပင်များ စိုက်ပျိုးနိုင်ရန် မြို့နယ်သစ်တောဦးစီးဌာနရှိ ကျောက်တန်းပျိုးဥယျာဉ်နှင့် ကန်ရေပျိုးဥယျာဉ်တို့တွင် ပျိုးပင်ပေါင်း ၂၇၈၀၀၀ ကျော်ကို ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အဆိုပါပျိုးပင်များထဲမှ ၁/၂၀၂၄ ကျေးရွာထင်းစိုက်ခင်းဧက ၃၀ အတွက် ပျိုးပင်ပေါင်း ၃၆၃၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဧက ၁၂၅၀ အတွက် ပျိုးပင်ပေါင်း ၁၈၇၅၀၀၊ ဌာန ဆိုင်ရာ၊ တပ်ရင်းတပ်ဖွဲ့နှင့် ပြည်သူလူထုအတွက် ဖြန့်ဝေမည့် ပျိုးပင်ပေါင်း ၅၀၀၀၀၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တမာပျိုးပင် ပေါင်း ၂၀၀၀၀ နှင့် အထူးစိမ်းလန်းစိုပြည်ရေး (တစ်အုပ်တစ်မအသွင်ဖြင့်) စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၅၀၀၀ တို့ကို ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင် (မင်းဘူး)**

---

*စာမျက်နှာ ၁၀ မှ*

နိုင်ငံခြားရေးဝန်ကြီးဌာနဆိုင်ရာ ကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်သူ ယခင်ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အေကေ အဗ္ဗဒူ မိုမန်က ဘင်္ဂလားဒေ့ရှ် သတင်းမီဒီယာတစ်ခုဖြစ်တဲ့ (Daily Jugantor) သတင်းဌာနနဲ့ပြုလုပ်တဲ့ တွေ့ဆုံမေးမြန်းခန်း အစီအစဉ်တစ်ခုမှာ ပြောကြားခဲ့ပါတယ်။

**အဖြစ်မှန်ကိုသိကြရပြီ**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်လက်ခံရေး အစီအစဉ်တွေကို မြန်မာနိုင်ငံက တစိုက်မတ်မတ် မျက်ခြည်မပြတ် ပြုလုပ်ပေးလျက်ရှိပေမယ့်လည်း နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်လက်ခံရေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း မမှန်မကန်စွပ်စွဲပြောဆို ဖိအားပေးမှုတွေ ရှိခဲ့ပါတယ်။ လက်တွေ့မှာ မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရ ညှိနှိုင်းသဘောတူညီမှုတွေနဲ့ နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်လက်ခံရေးအစီအစဉ်ကို စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်အကောင်အထည်မဖော်နိုင်သေးဘဲ ရပ်တန့်နေတဲ့ အကြောင်းရင်းမှန်တွေကို ဖုံးကွယ်ထားတာဟာ မရိုးသားတဲ့အချက် ဖြစ်ပါတယ်။ ယခု ဘင်္ဂလားဒေ့ရှ်လွှတ်တော် နိုင်ငံခြားရေးဝန်ကြီးဌာနဆိုင်ရာ ကော်မတီဥက္ကဋ္ဌက ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)နဲ့ အခြားနိုင်ငံတွေ၊ မီဒီယာတွေက ဘင်္ဂါလီတွေ နေရပ်မပြန်နိုင်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေတာတွေကို ရှင်းရှင်းလင်းလင်း ပြောကြားလိုက်လို့ အဖြစ်မှန်တွေကို ထင်ရှားပေါ်လွင်စွာ သိကြရပြီဖြစ်ပါတယ်။ ဒီအင်တာဗျူးဖြေကြားချက်တွေဟာ အနောက်မီဒီယာတွေ၊ OIC ရဲ့ အကျွေးအမွေးနဲ့ အမှန်တရားကို မျက်စိမှိတ်နေတဲ့ မီဒီယာတွေကတော့ ဆက်ဖြန့်ဖို့ စိတ်ကူးရှိမှာမဟုတ်ပါဘူး။ ဒါပေမယ့် ဘင်္ဂလားဒေ့ရှ် သတင်းမီဒီယာတစ်ခုဖြစ်တဲ့ (Daily Jugantor) သတင်းဌာနရဲ့ ပျံ့နှံ့နိုင်တဲ့ ဧရိယာအတွင်းက အစိုးရတာဝန်ရှိသူတွေ၊ ကမ္ဘာ့ပြည်သူ ပြည်သားတွေ သိသွားနိုင်မှာပါ။

ဒါ့အပြင် တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းတွေမှာ ARSA အကြမ်းဖက်သမားတွေ စိမ့်ဝင်ရောနှောနေထိုင်ပြီး အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်မှုတွေ၊ အကြမ်းဖက်မှုတွေရှိနေတာတွေကို ဘင်္ဂလားဒေ့ရှ် အစိုးရက ကိုင်တွယ်ရှင်းလင်းနေရပါတယ်။ ၎င်းတို့ရဲ့ ဒုက္ခသည်စခန်းမှာ ဖြစ်ပျက်နေတဲ့ ကိစ္စတွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရနဲ့ ၎င်းတို့ရဲ့ အတွင်းရေးကိစ္စဖြစ်လို့ ၎င်းတို့ကိုယ်တိုင် ဖြေရှင်းရမှာ ဖြစ်ပါတယ်။ နေရပ်ပြန်ရေးအစီအစဉ်မှာ ပြဿနာစတင်ဖြစ်ပြီးတဲ့ အချိန်ကစလို့ မြန်မာနိုင်ငံ အစိုးရအဆက်ဆက်က အလေးထားဆောင်ရွက်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

**အသင့်ပြင်ဆင်ထား**

ပြီးခဲ့တဲ့နှစ်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်တွေက နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုတွေကို မြန်မာနိုင်ငံအခြေစိုက် သံရုံးတွေက သံရုံးအကြီးအကဲတွေနဲ့ သံတမန်တွေကိုယ်တိုင် ကွင်းဆင်းသွားရောက် ကြည့်ရှုခဲ့ပါတယ်။ ကြည့်ရှုလေ့လာတဲ့အခါမှာ အခြေအနေမှန်ကို နားလည်သဘောပေါက်ပြီး သက်ဆိုင်ရာနိုင်ငံတွေဆီ အခြေအနေမှန်တွေကို အစီရင်ခံသွားမယ်လို့ ဆိုကြပါတယ်။

မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ချက်တွေကို အသိအမှတ်ပြု ကျေးဇူးတင်တယ်လို့ ပြောကြပါတယ်။ ပြန်လည်လက်ခံရေးလုပ်ငန်းတွေကို အစိုးရအဆက်ဆက်က အလေးထားလုပ်ဆောင်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်တော့ ပေါ်မလာသေးပေမယ့် ပွင့်လင်းရာသီမှာ လုပ်ငန်းတွေ ပြန်လည်စတင်နိုင်ဖို့ အစစအရာရာ အသင့်ပြင်ဆင်ထားပါတယ်။

နေရပ်စွန့်ခွာသွားသူတွေကို ပြန်လည်လက်ခံရာမှာ နှစ်နိုင်ငံအစိုးရရဲ့ သဘောတူညီချက်တွေနဲ့ လက်ခံနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ ပထမဆုံးဝင်လာတဲ့နေရာမှာ လက်ခံမယ်၊ လုံခြုံရေး အရ လိုအပ်တာကိုစိစစ်မယ်၊ လူဝင်မှုကြီးကြပ်ရေးက စိစစ်မယ်၊ ပြီးရင် နိုင်ငံသားဖြစ်မှုအတွက် စိစစ်ကတ်ထုတ်ပေးမယ်၊ ပြီးရင် နိုင်ငံသားဖြစ်ဖို့အတွက် မြန်မာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း ဆက်လက်လျှောက်ထားနိုင်တယ်။ အမှန်တကယ်ကတော့ ရှင်းရှင်းလေးပါပဲ။ မြန်မာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ညီညွတ်ရင် နိုင်ငံသားဖြစ်လာမှာဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ မညီညွတ်ရင် ဘယ်နိုင်ငံမှာမှ နိုင်ငံသားဖြစ်လာမှာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံကို ဝင်ခွင့်ရတဲ့သူတွေ ပြန်လည်လက်ခံရေးစခန်းမှာ ခေတ္တထားပြီး နောက် ကြားစခန်းမှာ လိုအပ်တဲ့ အထောက်အပံ့တွေနဲ့ထားရှိပြီး နေရပ်ပြန်သူတွေရဲ့ ဆန္ဒအတိုင်း နှစ်သက်ရာရွာတွေမှာ နေထိုင်ကြရမှာဖြစ်ပါတယ်။ ရွာတွေမှာ ဆေးရုံ၊ ဆေးခန်း၊ ကျောင်းတွေလဲရှိပြီးသား ဖြစ်ပါတယ်။

**ကိုယ်တိုင်အသိဆုံး**

ဘင်္ဂါလီဆိုတာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ မူလဇာတိဖြစ်ပါတယ်။ သမိုင်းကြောင်းရှည်လျားပြီး ရှုပ်ထွေးနက်နဲတဲ့ ခိုးဝင်ပြဿနာတွေကို ခေတ်အဆက်ဆက် အစိုးရတွေက ဖြေရှင်းနေရပါတယ်။ မြန်မာနိုင်ငံမှာ မွေးဖွားနေထိုင်ခဲ့တဲ့သူတွေမှန်ရင်၊ မြန်မာနိုင်ငံ ဥပဒေတွေနဲ့ ကိုက်ညီရင် အချိန်မရွေးလက်ခံဖို့ အသင့်ရှိပါတယ်။ ဥပဒေအချက်အလက်တွေနဲ့ မကိုက်ညီရင်တော့ လက်ခံလို့မရပါဘူး။ မြန်မာနိုင်ငံ အနေနဲ့ လူသားချင်းစာနာထောက်ထားပြီး လူ့အခွင့်အရေးကို အလေးထားကာ နေရပ်စွန့်ခွာသွားတဲ့ ဘင်္ဂါလီတွေကို မြန်မာနိုင်ငံရဲ့ ဥပဒေတွေနဲ့အညီ ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံသဘောတူညီချက်နဲ့ စနစ်တကျပြန်လည်လက်ခံနိုင်ဖို့ တစိုက်မတ်မတ် အသင့်ပြင်ဆင်ပေးထားပါတယ်။ မြန်မာနိုင်ငံကို ပြန်မလာနိုင်တဲ့အကြောင်းရင်းကတော့ ဒုက္ခသည်တွေနဲ့ ဒုက္ခသည်တွေကို ကယ်တင်နေတယ်လို့ ဇန်းပြလုပ်စားနေတဲ့သူတွေ အသိဆုံးဖြစ်ပါတယ်။

ကာလရှည်ကြာဖြစ်ပေါ်ခဲ့တဲ့ ဘင်္ဂါလီတွေရဲ့ အရေးကိစ္စဟာ မြန်မာနိုင်ငံအနေနဲ့ သိမ်မွေ့နက်နဲပြီး ရှုပ်ထွေးတဲ့ ပြဿနာတစ်ရပ်ဖြစ်ပေမယ့်လည်း လူသားချင်း စာနာထောက်ထားတဲ့အနေနဲ့ အစဉ်တစိုက် အကောင်းဆုံးဖြေရှင်းနေပါတယ်။ ဘင်္ဂါလီအရေးကိစ္စမှာ နောက်ခံအကြောင်းတွေ၊ နောက်ကွယ်က အကြောင်းတွေရှိနေတဲ့အနက် ဘင်္ဂလားဒေ့ရှ်လွှတ်တော် နိုင်ငံခြားရေးဝန်ကြီးဌာနဆိုင်ရာကော်မတီဥက္ကဋ္ဌ ထုတ်ဖော်ပြောကြားခဲ့သလို ဒုက္ခသည်စခန်းက ဘင်္ဂါလီတွေကို အသုံးချခံလုပ်ပြီးတော့ နိုင်ငံရေးအမြတ်ထုတ်တဲ့သူတွေနဲ့ စားပေါက်ထွင်တဲ့ အဖွဲ့အစည်းတွေဟာ အမှန်တရားကို တမင်ဖုံးကွယ်ပြီးတော့ ရည်ရွယ်ချက်ရှိရှိ ဇာတ်နာအောင် ပြုလုပ်နေသူတွေသာဖြစ်ပါကြောင်း ။ ။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အစိုးရရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူကြသည့် ပြည်သူများ၏ တယ်လီဖုန်းနံပါတ်များသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုများရယူနိုင်ရန် “အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ” ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ PFP အစီအစဉ်သည် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်နေသည့် ကိစ္စရပ်ဖြစ်သောကြောင့် Short Code နံပါတ် “1111” မှတစ်ဆင့် SMS ဖြင့် ပေးပို့မေးမြန်းသော မေးခွန်းများကို ပြည်သူများက အကြံပြုဖြေကြားပေးခြင်းဖြင့် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ၌ လိုအပ်ချက်နှင့် အားနည်းချက်များကို သိရှိပြုပြင်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်သူများက သက်သာသောနှုန်းထားဖြင့် SMS များ ပြန်လည်ဖြေကြားပေးနိုင်ရေး ဆက်သွယ်ရေးအော်ပရေတာများနှင့် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာသိပ္ပံ (မော်လမြိုင်)တို့ ပူးပေါင်း၍ “ လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု ” လူငယ်စကားဝိုင်း ကျင်းပ

**မော်လမြိုင် ဇွန် ၁၄**

“လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု ” လူငယ်စကားဝိုင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း (မော်လမြိုင်)၌ ကျင်းပရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွေး၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (မော်လမြိုင်)မှ ကျောင်းအုပ်ကြီး ဦးသန်းထိုက်အောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စကားဝိုင်းတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက လူငယ်များအနေဖြင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုကို ဦးစွာတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုဆိုသည် မိမိကိုယ်တိုင်ဖြစ်စေ၊ အဖွဲ့အစည်း၊ ပတ်ဝန်းကျင်ကဖြစ်စေ၊ နိုင်ငံတော်ကဖြစ်စေ ချမှတ်ထားသည့် မှန်ကန်သော ကျင့်ဝတ်များနှင့် စည်းမျဉ်းစည်းကမ်းများကို မြဲမြံစွာလိုက်နာစောင့်ထိန်းရမည် ဖြစ်ကြောင်း၊ ဖြောင့်မတ် တည်ကြည်မှုရှိသည့် ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်လာစေရန် လူငယ်များ၏ ပညာရေးကဏ္ဍဖြစ်သည့် စာသင်ကျောင်းများမှစတင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ “လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပပြီး အစိုးရနည်းပညာ အထက်တန်းကျောင်း(မော်လမြိုင်)မှ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများအဖြစ် ပါဝင် ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများက ရှင်းနီးပွင့်လင်းစွာ ပြန်လည်ဖြေကြားကြသည်။

ထို့နောက် အစိုးရနည်းပညာ အထက်တန်းကျောင်း(မော်လမြိုင်)မှ ကျောင်းအုပ်ကြီး ဦးသန်းထိုက်အောင်က ကျေးဇူးတင်စကား ပြောကြား၍ အမှတ်တရ လက်ဆောင်များ အပြန်အလှန် ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း အသိပညာပေးရှင်းလင်း

**နေပြည်တော် ဇွန် ၁၄**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ပြေစာအမှတ်တံဆိပ် (အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၁၁ ရက်က မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာန မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) ဦးစိုးလှမြင့်က အခွန်ဆိုင်ရာစီမံခန့်ခွဲမှု ကိစ္စရပ်များနှင့် ပြေစာအမှတ်တံဆိပ် (အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော လုပ်ငန်းရှင် အခွန်ထမ်းများက မရှင်းလင်းသည့် အချက်များကို မေးမြန်းကြရာ မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။



အဆိုပါ အခမ်းအနားသို့ စားသောက်ဆိုင်လုပ်ငန်းရှင် ၉၂ ဦးနှင့် ဟိုတယ်/တည်းခိုခန်းလုပ်ငန်းရှင် ၂၅ ဦး စုစုပေါင်း လုပ်ငန်းရှင် ၁၁၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သန်းမင်းအောင်**

## ရန်ကုန်နှင့် ရှမ်းယူနိုက်တက် တွေ့ဆုံနေသည့် MNL League Cup ဗိုလ်လုပွဲကို ပရိသတ်များကြည့်ရှုအားပေးနိုင်ရန် ပွဲချိန်ပြောင်းလဲ

**ရန်ကုန် ဇွန် ၁၄**

မြန်မာနေရှင်နယ်လိဂ်သည် ဇွန် ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပမည့် ၂၀၂၄ ရာသီ MNL League Cup ပြိုင်ပွဲ ဗိုလ်လုပွဲကို ပရိသတ်များစွာ လာရောက်အားပေးနိုင်ရန် ပွဲချိန်ပြောင်းလဲခဲ့ပြီး ညနေ ၄ နာရီအစား ညနေ ၅ နာရီခွဲတွင် ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် လက်ရှိ MNL ထိပ်သီးကလပ်များ ဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ MNL ထိပ်သီးနှစ်သင်းသည် ရာသီသစ်၏ ပထမဆုံးပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် ကြိုးပမ်းကြမည်ဖြစ်ပြီး ဒဏ်ရာရကစားသမားအချို့မှလွဲ၍ လူစုံပါဝင်နိုင်မည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် အုပ်စု (က) တွင် မဟာယူနိုက်တက်၊ GFA၊ တက္ကသိုလ်၊ ရွှေပြည်သာယူနိုက်တက်တို့နှင့် ကျရောက်ခဲ့ပြီး ပွဲအားလုံး အနိုင်ရကာ ဆီမီးဖိုင်နယ် တက်ရောက်လာခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် ရတနာပုံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲ တက်ရောက်လာခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းမှာမူ အုပ်စု (ခ) တွင် ရခိုင်ယူနိုက်တက်၊ ကချင်ယူနိုက်တက်၊ Glory Goal၊ Rain–bow အသင်းတို့နှင့် ကျရောက်ခဲ့ပြီး ခုနစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်လာသလို ဆီမီးဖိုင်နယ်တွင် ဒဂုံစတားယူနိုက်တက်အသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲ တက်ရောက်လာခြင်း ဖြစ်သည်။

**ရဲရင့်လွင်**

❍ *ကျောဖုံးမှ*

အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ မကာအို၊ အုပ်စု (C) တွင် တောင်ကိုရီးယား၊ တရုတ်၊ ဘာရိန်း၊ ဘူတန်၊ မော်လ်ဒိုက်၊ အုပ်စု (D) တွင် ထိုင်း၊ အိန္ဒိယ၊ ဘရူနိုင်း၊ တာ့ခ်မင်နစ္စတန်၊ အုပ်စု (E) တွင် ဥဇဘက်ကစ္စတန်၊ အီရတ်၊ တရုတ်(တိုင်ပေ)၊ ပါလက်စတိုင်း၊ အုပ်စု (F) တွင် ဂျပန်၊ ကာတာ၊ မွန်ဂိုလီးယား၊ နီပေါ၊ အုပ်စု (G) တွင် ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ကူဝိတ်၊ မြောက်မာရီယာနာကျွန်းစု၊ အုပ်စု (H) တွင် မလေးရှား၊ လာအို၊ ယူအေအီး၊ လက်ဘနွန်၊ အုပ်စု (I) တွင် ယီမင်၊ ဗီယက်နမ်၊ ကာဂျစ္စတန်၊ မြန်မာ၊ အုပ်စု (J) တွင် တာဂျစ်ကစ္စတန်၊ အိုမန်၊ စင်ကာပူနှင့် ဂူအမ်အသင်းတို့ ပါဝင်သည်။

၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲကို အောက်တိုဘာ ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ငါးသင်းသုံးအုပ်စု၊ လေးသင်း ခုနစ်အုပ်စု စုစုပေါင်း အုပ်စု ၁၀ ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ၁၀ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး ငါးသင်း၊ စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆော်ဒီအာရေဗျနိုင်ငံနှင့်အတူ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ခြေစစ်ပွဲ အုပ်စု ၁၀ ခုကို အိမ်ရှင်နိုင်ငံများအဖြစ် အုပ်စု (A) ကို ဂျော်ဒန်နိုင်ငံ၊ အုပ်စု (B) ကို ကမ္ဘောဒီးယားနိုင်ငံ၊ အုပ်စု (C) ကို တရုတ်နိုင်ငံ၊ အုပ်စု (D) ကို ထိုင်းနိုင်ငံ၊ အုပ်စု (E) ကို တရုတ်(တိုင်ပေ)၊ အုပ်စု (F) ကို ကာတာနိုင်ငံ၊ အုပ်စု (G) ကို ကူဝိတ်နိုင်ငံ၊ အုပ်စု (H) ကို လာအိုနိုင်ငံ၊ အုပ်စု(I) ကို ဗီယက်နမ်နိုင်ငံနှင့် အုပ်စု (J) ကို စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၆ အသင်းကို ဂျပန်နိုင်ငံသား နည်းပြ မီတမီချီတာယုက ကိုင်တွယ်နေပြီး ယခုလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

❊ *ကျောဖုံးမှ*

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/ လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများ သဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန် စသော ရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

သရက်တောင်ကြီး ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိကသစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ကနစို၊ သမဲ့ကြီး၊ ကျနု၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော၊ သမဲ့ဖြူနှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဖျိုင်း၊ ကြက်တူရွေး၊ သိန်း၊ ရေကျီးကန်း စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များရှင်သန်ပေါက်ပွားရာ ဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

# အာဖဂန်၌ တာလီဘန်တို့က မိန်းကလေးငယ်များအား အလယ်တန်းကျောင်းတက်ရောက်ခွင့် တားမြစ်ခြင်းအပေါ် ကုလသမဂ္ဂရှုတ်ချ

**ကဘူးလ် ဇွန် ၁၄**

အာဖဂန်နစ္စတန်၌ တာလီဘန်တို့က မိန်းကလေးများ အလယ်တန်းကျောင်းတက်ရောက်ခြင်းကို တားမြစ်သည်မှာ ရက်ပေါင်း ၁၀၀၀ ကျော်ရှိပြီဖြစ်သည်။ မိန်းကလေးများ၏ ဘဝနှင့်အနာဂတ်များ ပျက်စီးလျက်ရှိကြောင်း ကုလသမဂ္ဂအေဂျင်စီက ပြောကြားသည်။

ယင်းသို့ မိန်းကလေးများအပေါ် အလယ်တန်းပညာသင်ကြားခွင့်တားမြစ်ခြင်းမှာ ဝမ်းနည်းဖွယ်ရာမှတ်တိုင်တစ်ခုဖြစ်ကြောင်း ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ပညာသင်ကြားခွင့် ရက်ပေါင်း ၁၀၀၀ ဆုံးရှုံးမှုမှာ အာဖဂန်မိန်းကလေးများအတွက် ပညာသင်ကြားမှုနာရီပေါင်း သုံးဘီလီယံအထိ တိုးမြှင့်လာကြောင်း ယူနီဆက်က ပြောသည်။

၎င်းတို့ကို စာသင်ခန်းအတွင်းမှ ထုတ်ပယ်ခြင်းသည် ပညာသင်ကြားခွင့်ကို ချိုးဖောက်ခြင်းဖြစ်ပြီး စိတ်ကျန်းမာရေးကို ထိခိုက်နစ်နာစေခြင်းဖြစ်သည်ဟု ယူနီဆက်က ပြောကြားသည်။ တာလီဘန်တို့သည် အလုပ်လုပ်ရန်တားမြစ်ထားပြီးဖြစ်သည့် အမျိုးသမီးအရပ်ဘက်ဝန်ထမ်းများအား မိမိတို့၏လစာများကို အနိမ့်ဆုံးအထိ ဖြတ်တောက်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးရုံးက ပြောကြားသည်။

၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း တာလီဘန်တို့က အာဏာပြန်လည်ရရှိသည့်အချိန်မှစကာ အလယ်တန်းကျောင်းများတက်ရောက်မှုကို တားမြစ်ခံထားရသည့် အာဖဂန်မိန်းကလေး ၁ ဒသမ ၅ သန်းခန့် ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



## အိန္ဒိယနိုင်ငံ ဩဒိသပြည်နယ်၌ အပူလှိုင်းကြောင့် ၄၁ဦးထက်မနည်းသေဆုံး

**နယူးဒေလီ ဇွန် ၁၄**

အိန္ဒိယနိုင်ငံ၌ စံချိန်တင်အပူလှိုင်းကြောင့် သေဆုံးသူဦးရေမှာ ကျဆင်းသွားသည့် လက္ခဏာ မရှိကြောင်း၊ မကြာသေးမီလများအတွင်း နိုင်ငံအတွင်းပြင်းထန်သည့် အပူလှိုင်းကြောင့် လူပေါင်းများစွာ သေဆုံးခဲ့ရကြောင်း၊ အိန္ဒိယနိုင်ငံသည် အရှည်ကြာဆုံးနှင့် အပြင်းထန်ဆုံး နွေရာသီများထဲမှ တစ်ခုနှင့် ရင်ဆိုင်နေရသည်ဟု ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။



ဩဒိသပြည်နယ် အရှေ့ပိုင်းတွင် အပူလျှပ်ခြင်းကြောင့် ၄၁ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ယခုနှစ်ရာသီအတွင်း ဩဒိသပြည်နယ်တွင် အပူလှိုင်းမကြာခဏကျရောက်ကြောင်း မိုးလေဝသဌာနက ပြောသည်။

ဩဒိသ ပြည်နယ်ပြီးလျှင် အပူလှိုင်းကျရောက်မှု များပြားသည့် ပြည်နယ်မှာ ရာဂျက်စသန်ပြည်နယ်ဖြစ်သည်။ နယူးဒေလီတွင်လည်း အပူလှိုင်းဒဏ်ကို ခံစားရသည်။ ဇွန် ၁၄ ရက်တွင် နယူးဒေလီမြို့၌ အပူချိန်မှာ ၄၅ ဒီဂရီဆဲလ်စီးယပ် ရှိပြီး ဆောက်လုပ်ရေး လုပ်သားများမှာ ပြင်းထန်သည့်အပူချိန်ကြောင့် ၎င်းတို့ ကျန်းမာရေးအပေါ် သက်ရောက်မည်ကို စိုးရိမ်နေကြရသည်။

ထို့ကြောင့် တတ်နိုင်သမျှ လုပ်ငန်းခွင်မှ ခေတ္တအနားယူခြင်းများ ပြုလုပ်ကြရသည်။ ပြင်းထန်သည့်အပူချိန်အောက်တွင် အလုပ်မလုပ်လိုသော်လည်း မိသားစုကို ကျွေးမွေးရမည်ဖြစ်သည့်အတွက် လုပ်ကိုင်နေရကြောင်း အလုပ်သမားတစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံ၌ ခြောက်ပတ်ကြာရှည်လျားသည့် အထွေထွေရွေးကောက်ပွဲကို ယခုလအတွင်း ကျင်းပပြီးစီးခဲ့သည်။

အပူဒဏ်ကြောင့် သေဆုံးသူများထဲတွင် မဲရုံလုပ်သားများလည်း ပါဝင်သည်။ လာမည့်ရက်များအတွင်း အပူဒဏ်ကြောင့် ပြည်သူ့ကျန်းမာရေးအပေါ် သက်ရောက်မှုရှိမည်ကို စိုးရိမ်သဖြင့် မိုးလေဝသဌာနက အပူလှိုင်းသတိပေးချက်ထုတ်ပြန်ထားသည်။ **အင်န်အိတ်ချ်ကေ**

## သွေးလွန်တုပ်ကွေးဖြစ်ပွားမှု တိုက်ဖျက်ရန် ဘန်ကောက်မြို့၌ အခမ်းအနားကျင်းပ

**ဘန်ကောက် ဇွန် ၁၄**

သွေးလွန်တုပ်ကွေးရောဂါမှာ တောင်အမေရိကနှင့် အာရှတိုက်တို့တွင် လျင်မြန်စွာပျံ့နှံ့နေကြောင်း၊ ခြင်မှတစ်ဆင့် ဖြစ်ပေါ်သောရောဂါကို နှိမ်နင်းရန်ဇွန်၁၄ရက်က ပြည်သူများကို သတိပေးရေးအခမ်းအနားတစ်ခု ဘန်ကောက်မြို့၌ ကျင်းပခဲ့ကြောင်း၊ ထိုင်းကျန်းမာရေးဝန်ကြီးဌာနနှင့် ကုမ္ပဏီများပူးပေါင်းကာ ခြင်နှိမ်နင်းရေးအတွက် ပြပွဲပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အဖျားကြီးခြင်း၊ ခေါင်းကိုက်ခြင်းနှင့်ကြွက်သားများနာကျင်ခြင်းတို့ ဖြစ်ပေါ်စေသည်။ ရောဂါပြင်းထန်လျက် အသက်သေဆုံးသည်အထိ ဖြစ်နိုင်သည်။ ထိုင်းနိုင်ငံ ရောဂါထိန်းချုပ်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး နီတီဟတ်တနောရက်က ပြည်သူများအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်းမှ ရှောင်ရှားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

မိုးရာသီအတွင်းသွေးလွန်တုပ်ကွေးရောဂါသည် လာမည့်လေးလအတွင်း ပို၍ပျံ့နှံ့လာနိုင်သည်ဟု ခန့်မှန်းထားသည်။ ထိုင်းနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ပို၍များပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ ၂၀၂၃ ခုနှစ်အတွင်း လူပေါင်း ၁၆၀၀၀၀ နီးပါးမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ပြီး ၂၀၂၂ ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် သုံးဆပို၍ များပြားလာခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## နိုင်ဂျီးရီးယားနိုင်ငံ၌ ယခုနှစ်အတွင်း ကာလဝမ်းရောဂါကြောင့် လူ ၃၀ သေဆုံး

**အဘူဂျာ ဇွန် ၁၄**

အာဖရိကတွင် လူဦးရေအထူထပ်ဆုံးဖြစ်သည့် နိုင်ဂျီးရီးယားနိုင်ငံ၌ ယခုနှစ်အတွင်း ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် လူ ၃၀ ထက်မနည်းသေဆုံးကြောင်း ပြည်သူ့ကျန်းမာရေး အာဏာပိုင်များက ဇွန် ၁၃ ရက်တွင် ပြောကြားသည်။

ဇန်နဝါရီလမှစကာ ပြည်နယ် ၃၀ ရှိ ဒေသန္တရအုပ်ချုပ်ရေးဒေသ ၉၆ ခုအတွင်း ကာလဝမ်းရောဂါဖြစ်ပွားသည်ဟု သံသယရှိသူ ၁၁၄၁ ဦးအနက် အတည်ပြုလူနာ ၆၅ ဦးရှိကြောင်း နိုင်ဂျီးရီးယားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ (အင်န်စီဒီစီ)က ထုတ်ပြန်ထားသည်။



နိုင်ဂျီးရီးယားနိုင်ငံရှိ ပြည်နယ် ၃၆ ခုအနက် ပြည်နယ် ၁၀ ခုတွင် ကာလဝမ်းရောဂါဖြစ်ပွားသည်ဟု သံသယရှိသူ စုစုပေါင်းအရေအတွက်မှာ ၉၀ ရာခိုင်နှုန်းရှိကြောင်း၊ အနောက် တောင်ပိုင်းပြည်နယ် လာဂို့စ်၌ လွန်ခဲ့သည့်သုံးရက်အတွင်း ကာလဝမ်းရောဂါဖြစ်ပွားသဖြင့် ငါးဦးထက်မနည်း သေဆုံးပြီး ဒါဇင်နှင့်ချီကာ ဆေးရုံတက်ရောက် ကုသလျက်ရှိကြောင်း အင်န်စီဒီစီက ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ အထူးသဖြင့် လူဦးရေထူထပ်သောဒေသများတွင် သောက်သုံးရေလုံလောက်စွာမရှိခြင်းကြောင့် ကာလဝမ်းရောဂါ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံအရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း ဒေသခံ ၂၇၀၀၀ နီးပါး ဘေးလွတ်ရာသို့ပြောင်းရွှေ့

**ဖူကျိုး ဇွန် ၁၄**

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန်းပြည်နယ်ရှိ နန်ပင်း၊ စန်းမင်နှင့် အခြားသောမြို့များရှိ လူပေါင်း ၅၁၅၀၀ မှာ ဇွန် ၁၄ ရက် နံနက် ၆နာရီ အထိ မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကို ခံစားခဲ့ရသည်။

ဒေသခံပေါင်း ၂၇၀၀၀ ကိုဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးခဲ့ရသည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။ ယခုကာလအတွင်း ဖူကျန်းပြည်နယ်အတွင်းရှိ သီးနှံစိုက်ပျိုးမြေဟက်တာပေါင်း ၃၁၃၃ မှာ ပျက်စီးခဲ့ရသည်ဟု ပြည်နယ်ရေကြီးမှုထိန်းချုပ်ရေးအာဏာပိုင်များက ပြောသည်။ ဇွန် ၉ ရက် နံနက် ၈နာရီမှ ဇွန် ၁၄ ရက် နံနက် ၆ နာရီအထိ ဖူကျန်းပြည်နယ်တစ်ဝန်း မြို့နယ်ပေါင်း ၃၈၆ မြို့နယ်တွင် စုစုပေါင်း မိုးရေချိန် ၁၀၀ မီလီမီတာကျော် ရွာသွန်းခဲ့သည်။

ခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီးနောက် ဒေသဆိုင်ရာအရေးပေါ်ပြုပြင်ရေး ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားပေးစက်များ တပ်ဆင်ထားသည့်ကားများဖြင့် နန်ပင်းမြို့ရှိ နေအိမ်များ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရေး ကူညီပေးခဲ့ကြသည်။ **ဆင်ဟွာ**



## မောတောင် - ဆင်းခွန်နယ်စပ်ဂိတ်မှ ကုန်သွယ်မှုအနေအထားများ မြင့်တက်လာနေသည့်အတွက် လုပ်ငန်းရှင်များ ကုန်သွယ်မှုပြုရန် စိတ်ဝင်စားမှု ပိုမိုများပြားလာဟုဆို

မြိတ် ဇွန် ၁၄

**တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြန်မာ - ထိုင်းနယ်စပ်ဂိတ်တစ်ခုဖြစ်သည့် မောတောင် - ဆင်းခွန်နယ်စပ်ဂိတ်မှ ကုန်သွယ်သည့်အနေအထားများမြင့်တက်လာနေသည့်အပြင် ကုန်သွယ်မှုလမ်းကြောင်းများလည်း ကောင်းမွန်လာနေသည့်အတွက် လုပ်ငန်းရှင်များစိတ်ဝင်စားမှု ပိုမိုများပြားလာကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။**

"ရေထွက်ကုန်ကတော့ အဓိကတင်ပို့တာရှိပါတယ်။ အဲဒီအပြင် စိုက်ပျိုးရေးထွက်ကုန်တွေဖြစ်တဲ့ ငရုတ်သီး၊ ငှက်ပျောသီး၊ ကြက်သွန်နီတွေ တင်ပို့နေတာရှိတယ်။ သွင်းကုန်အနေနဲ့ သစ်သီးဝလံတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ စားသောက်ကုန်တွေ တင်သွင်းတာရှိပါတယ်။ ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်နေတာရှိတဲ့အတွက် လုပ်ငန်းရှင်တွေနဲ့ ဒေသခံတွေအတွက်လည်း အဆင်ပြေနေတဲ့အနေအထားမှာရှိနေပါတယ်" ဟု မြိတ်မြို့မှ ကုန်သည်တစ်ဦးက ပြောကြားသည်။

မောတောင်ကုန်သွယ်ရေး စခန်းအနေဖြင့် ကုန်သွယ်မှုအခြေအနေမှာ ယခုနှစ် ၂၀၂၄ ခုနှစ် ဇွန် ၅ ရက်မှ ၈ ရက်အထိ လေးရက်တာကာလအတွင်းမှာပင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၂၂၀ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၁၅၇ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၃၇၇ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့်စာရင်းများအရ သိရသည်။

"ကုန်သွယ်မှုအနေအထားက အတော်လေး မြင့်တက်လာနေတယ်။ ထိုင်းနိုင်ငံဘက်ကလည်း ဆင်းခွန်နယ်စပ်ဂိတ်ကို အမြဲတမ်းဂိတ်အဖြစ် ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။ အနောက်ဘက်စကြံ့လမ်းကြောင်းတစ်ခုကို ထိုင်းနိုင်ငံက စီမံကိန်းဆွဲနေပါတယ်။ ထိုင်းနိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကလည်း အဲဒီနယ်စပ်ဂိတ်ကို အမြဲတမ်းဂိတ်အဖြစ် တိုးမြှင့်ဆောင်ရွက်သွားဖို့တွန်းအားပေးနေတာတွေ့ရတယ်။ ဘန်ကောက်နဲ့အနီးဆုံး လမ်းကြောင်းပေါ်မှာလည်း တည်ရှိနေတဲ့အတွက် မောတောင် - ဆင်းခွန်ဂိတ်အနေနဲ့ မကြာခင်မှာ ကုန်သွယ်မှု ဒီထက်မက အားကောင်းလာဖို့ရှိနေပါတယ်" ဟု မြန်မာ - ထိုင်းကုန်သွယ်မှုဆောင်ရွက်နေသူတစ်ဦးက ပြောကြားသည်။

မောတောင်နယ်စပ်ဂိတ်ကို မြန်မာနိုင်ငံက အမြဲတမ်းဂိတ်အဖြစ် ဖွင့်လှစ်ထားသည်မှာ ဆယ်စုနှစ်တစ်ခုကျော် ကြာမြင့်နေပြီဖြစ်သော်လည်း ထိုင်းနိုင်ငံရှိဆင်းခွန်ဂိတ်မှာ အထူးယာယီနယ်စပ်ဂိတ်အဖြစ်သာရှိနေကြောင်းနှင့် ကုန်သွယ်မှုအားကောင်းလာမည့်အနေအထားရှိနေသည့်အတွက် ထိုင်းနိုင်ငံရှိလုပ်ငန်းရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်းကလည်း ဆင်းခွန်နယ်စပ်ဂိတ်ကို အမြဲတမ်းဂိတ်အဖြစ်တိုးမြှင့်ဖွင့်လှစ်ရန် ထိုင်းအစိုးရအား တိုက်တွန်းမှုများရှိနေကြောင်း သိရသည်။

မြိတ်မြို့မှ မောတောင်မြို့သို့ မိုင် ၁၂၀ ကျော်ကွာဝေးသည့် အနေအထားတွင် ကုန်ကားတစ်စီးကို သယ်ယူပို့ဆောင်စရိတ်အနေဖြင့် ကျပ်ခုနစ်သိန်းခန့်ရှိသော်လည်း လမ်းခရီးတွင်ကုန်ကျမှုထိုထက်မက ပိုမိုများပြားမှုလည်းရှိနေကြောင်း သိရသည်။

မြင့်ဦး (မြိတ်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၁၃ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thura" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြို့ပြင်ကြီးကျေးရွာနေ သူရဖြိုးဝေအား ညနေ ၆ နာရီခွဲတွင်လည်းကောင်း၊ "Si Thu Phyo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် လယ်ဝေးမြို့နယ် ပေပင်ကျေးရွာနေ စည်သူဖြိုး (ခ) စည်သူအား ည ၇ နာရီ ၂၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စပိန်၊ အီတလီပါဝင်သည့် ယူရို ၂၀၂၄ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားမည်

■ မိုးဇက် - ရေးသားသည်

ဇွန် ၁၅ ရက်ညပိုင်းနဲ့ ၁၆ ရက် နံနက်ပိုင်းမှာ ယူရို၂၀၂၄ ပွဲစဉ် သုံးပွဲယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဇွန် ၁၅ ရက်ညပိုင်းမှာ ဟန်ဂေရီနဲ့ ဆွစ်ဇာလန်၊ စပိန်နဲ့ ခရိုအေးရှားအသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီး ဇွန် ၁၆ ရက် နံနက်ပိုင်းမှာ အီတလီနဲ့ အယ်ဘေးနီးယားအသင်းပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

## ဟန်ဂေရီ VS ဆွစ်ဇာလန်

- **ယူရိုပြိုင်ပွဲ အုပ်စု (က) - ပွဲစဉ် (၁)**
- **စနေနေ့ - ည ၇ နာရီ ခွဲ**

ဟန်ဂေရီအသင်းမှာ ကာကက်၊ ဆာဘော့ဆလိုင်းတို့ရှိပေမယ့် ရှာကွီရီ၊ ဗားဂတ်စ်၊ ရှာကာ၊ ဖောင်လာ၊ ဆွန်မာတို့ရှိတဲ့ ဆွစ်ဇာလန်အသင်းကို အသာရဖို့ မလွယ်ဘူး။

ဟန်ဂေရီအသင်းက ကမ္ဘာ့အဆင့် ၂၆ မှာ ရပ်တည်နေပြီး ဆွစ်ဇာလန်အသင်းက ကမ္ဘာ့အဆင့် (၁၉) မှာ ရပ်တည်နေတယ်။ ကမ္ဘာ့အဆင့်ရပ်တည်မှုမှာ ဆွစ်ဇာလန်အသင်းက သာလွန်မှုရှိတဲ့အပြင် ထိပ်တိုက်တွေ့ဆုံထားတဲ့ နောက်ဆုံးနှစ်ကြိမ်မှာလည်း ဆွစ်ဇာလန်အသင်းက နှစ်ကြိမ်စလုံး အနိုင်ရထားတယ်။

ဟန်ဂေရီအသင်းမှာ စောင့်ကြည့်ရမယ့်ကစားသမားအဖြစ် ဆာဘော့စလိုင်းရှိပြီး ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းမှာ ခြေစွမ်းပြ ကစားထားနိုင်သူ ဖြစ်ပါတယ်။ ဆွစ်ဇာလန်အသင်းမှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် အင်တာမီလန်အသင်း ဂိုးသမား ဆွန်မာရှိပြီး ပြီးခဲ့တဲ့ရာသီက စီးရီးအေ ၃၄ ပွဲမှာ ၁၉ ပွဲအထိ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သူဖြစ်တယ်။

## စပိန် VS ခရိုအေးရှား

- **ယူရိုပြိုင်ပွဲ အုပ်စု (ခ) - ပွဲစဉ် (၁)**
- **စနေနေ့ - ည ၁၀ နာရီ ခွဲ**

နာမည်ကြီး အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ စပိန်အသင်းက နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေနဲ့ တစ်ပွဲရှုံးရလဒ် ရရှိထားတယ်။

ပြိုင်ဘက် ခရိုအေးရှားအသင်းက ပေါ်တူဂီအသင်းအပါအဝင် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ငါးပွဲစလုံးနိုင်ပွဲရရှိထားတယ်။ စပိန်အသင်းက ဒီပွဲစဉ်ပြီးရင် လက်ရှိချန်ပီယံ အီတလီအသင်းနဲ့ ထပ်မံကစားရဖို့ ရှိတယ်။ ဒါကြောင့် စပိန်အသင်းအနေနဲ့ နောက်တစ်ဆင့်တက်လှမ်းနိုင်ဖို့အတွက် ခရိုအေးရှားအသင်းကို မနိုင်ရင်တောင် မရှုံးဖို့ လိုအပ်တယ်။

## အီတလီ VS အယ်ဘေးနီးယား

- **ယူရိုပြိုင်ပွဲ အုပ်စု (ခ) - ပွဲစဉ် (၁)**
- **တနင်္ဂနွေနေ့ - နံနက် ၁ နာရီ ခွဲ**

အယ်ဘေးနီးယားအသင်းရဲ့ခြေစွမ်း အတက်ဘက်ရောက်နေသည့်တိုင် လက်ရှိချန်ပီယံ အီတလီအသင်းကို အသာရဖို့ လွယ်ကူတဲ့ အခြေအနေမှာ မရှိဘူး။

အီတလီနဲ့ အယ်ဘေးနီးယားတို့ တွေ့ဆုံထားတဲ့ နောက်ဆုံးလေးကြိမ်မှာလည်း အီတလီအသင်းကသာ လေးကြိမ်စလုံး နိုင်ပွဲရရှိထားတယ်။ အီတလီအသင်းက လာမယ့်ပွဲစဉ်မှာ ယူရိုဖလား သုံးကြိမ်ဆွတ်ခူးရရှိထားတဲ့ စပိန်အသင်း၊ အုပ်စုနောက်ဆုံးပွဲစဉ်မှာ နာမည်ကြီး ခရိုအေးရှားအသင်းတို့နဲ့ ဆက်တိုက်ယှဉ်ပြိုင်ကစားရမှာ ဖြစ်တာကြောင့် အုပ်စုနောက်တစ်ဆင့်တက်ရေးအတွက် ယခု အယ်ဘေးနီးယားအသင်းနဲ့ပွဲစဉ်က အရေးပါနေပြီး မဖြစ်မနေနိုင်ပွဲရဖို့ လိုအပ်နေတယ်။

## လားရှိုးမြို့၌ သူနာပြု-သားဖွား ဒီပလိုမာပထမနှစ် သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်း အခမ်းအနားကျင်းပ



လားရှိုး ဇွန် ၁၄

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ လားရှိုးသူနာပြုနှင့်သားဖွား သင်တန်းကျောင်း အပတ်စဉ် (၃၂) သူနာပြု-သားဖွား ဒီပလိုမာပထမနှစ် သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်း အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အမှာစကား ပြောကြားပြီး လားရှိုးသူနာပြုနှင့် သားဖွား သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟေမာစိုးဝင်းက ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သူနာပြု-သားဖွား ဒီပလိုမာ သုံးနှစ်သင်တန်း၊ အပတ်စဉ်(၃၂) သစ်လွင် သင်တန်းသား တစ်ဦးနှင့် သင်တန်းသူ ၆၀ စုစုပေါင်း ၆၁ ဦးတို့အား တာဝန်ရှိသူအသီးသီးက ဂျူတီကုတ်နှင့်ဦးဆောင်းများကို အပ်နှင်းပေးသည်။

ယင်းနောက် မျိုးဆက်သစ် သူနာပြု-သားဖွား ဒီပလိုမာ သုံးနှစ် သင်တန်းသား သင်တန်းသူများသို့ Florence Nightingale ၏ မီးအိမ်ကို ကျောင်းအုပ်ကြီးက လက်ဆင့်ကမ်းထွန်းညှိပေးရာ သူနာပြု သင်တန်းသား သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ဆက်လက်၍ ထူးချွန်သစ်လွင်ဆုရ သူနာပြု – သားဖွား ဒီပလိုမာ သုံးနှစ်သင်တန်းသား သင်တန်းသူများကို ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်)ဥက္ကဋ္ဌက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်းထွန်း(လားရှိုး)**

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ပုစွန်နှစ်ကောင် စားအုန်းဆီ နှစ်လီတာပါ ဘူး ၆၀၀ နှင့် ဆပ်ပြာမှုန့် ၂၅ ကီလိုဂရမ်ပါ ၁၈ အိတ်၊ Honda Motorcycle(Used) သုံးစီး အပါအဝင်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၃၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၃၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် All in One PC Monitor ၁၅ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် တာဂွကျေးရွာ၊ ရန်ကုန်-ပြည်ကားလမ်း၊ မိုင်တိုင်အမှတ် (၄၅)အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၈၉၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၇၆၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Ipsum တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၇၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ရွှေပြည်သာရပ်ကွက်၊ (၅)အိမ်စု၊ သီတာလှေဒေါင့်အနီး၌ ထိုင်းနိုင်ငံထုတ် ငါးဖမ်းပိုက် ၅၄၀၉ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း သုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၇၇၄၂၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ဇွန် ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁)၊ ၁၃၃ x ၁၃၄ လမ်းကြား၊ ၆၃(အေ)လမ်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Mirror with Frame ၅၁၇ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၃၈၀၅၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၃၈၀၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီဂါလန် ၃၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၈၇၇ တန်၊ သစ်မာ ၀ ဒသမ ၈၄၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၁၀၆၉ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇွန် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၈၈၉၁၄၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## သတ်မှတ်ကာလကျော်လွန်ပါက အရေးယူမှုများ ရှိမည်ဖြစ်၍ အီဂျစ်ရောက် မြန်မာနိုင်ငံသားများ အနေဖြင့် နေထိုင်ခွင့်နှင့် ပတ်သက်၍ အချိန်မီဆောင်ရွက်ရန် သံရုံးသတိပေး

ရန်ကုန် ဇွန် ၁၄

သတ်မှတ်ကာလကျော်လွန်ပါက အရေးယူမှုများရှိမည်ဖြစ်၍ အီဂျစ်ရောက် မြန်မာနိုင်ငံသားများအနေဖြင့် နေထိုင်ခွင့်နှင့်ပတ်သက်၍ အချိန်မီဆောင်ရွက်ရန် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးက သတိပေးတိုက်တွန်းနှိုးဆော်ထားသည်။

အီဂျစ်နိုင်ငံ၌ နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားများအနေဖြင့် အီဂျစ်နိုင်ငံတွင်နေထိုင်စဉ်ကာလအတွင်း သက်တမ်းရှိသည့် နေထိုင်ခွင့် (Stay Permit)များ လျှောက်ထားဆောင်ရွက်ကြရန် အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံကူးလက်မှတ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားများဌာန (General Authority of Passport, Immigration and Nationality) မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်းလည်း သံရုံး၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယခုအခါ အီဂျစ်နိုင်ငံတွင် ရောက်ရှိနေထိုင်လျက်ရှိသော နိုင်ငံခြားသားများအားလုံးအနေဖြင့် နေထိုင်ခွင့်ကတ် (Resident Card) ကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက် နောက်ဆုံးထား၍ အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံကူးလက်မှတ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားများဌာနထံတွင် လျှောက်ထားကြရန် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အသိပေးအကြောင်းကြားလာသည်ဟု ပါရှိသည်။

ထို့ကြောင့် အီဂျစ်နိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေထိုင်လျက်ရှိသော မြန်မာနိုင်ငံသားများအနက် အီဂျစ်နိုင်ငံတွင် နေထိုင်ခွင့်ကတ်မရှိသေးသူ(သို့မဟုတ်) သက်တမ်းကုန်ဆုံးနေသူများအနေဖြင့် နေထိုင်ခွင့်ကတ်များကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက် နောက်ဆုံးထားလျှောက်ထားရန် လိုအပ်မည်ဖြစ်ကြောင်းလည်း သံရုံး၏ထုတ်ပြန်ချက်၌ ပါရှိသည်။

ထိုသို့လျှောက်ထားခြင်းမပြုပါက ၂၀၂၄ ခု စက်တင်ဘာ ၃၀ ရက် နောက်ပိုင်းမှစတင်၍ အီဂျစ်အစိုးရက အရေးယူမှုများကို ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အီဂျစ်နိုင်ငံတွင်ပညာသင်ကြားနေသူများအနေဖြင့် ပြည်နေထိုင်ခွင့်ကတ်အပြင် သက်ဆိုင်ရာကျောင်း/တက္ကသိုလ်များမှ ထုတ်ပေးထားသည့် ကျောင်းသားကတ်ကိုပါ တာဝန်ရှိသူများစစ်ဆေးသည့်အခါ ကြည့်ဖြူစွာစစ်ဆေးခံယူခြင်းနှင့်ကူညီပေးနိုင်ရေး သက်ဆိုင်ရာနိုင်ငံသားများသို့ အသိပေးထားရှိပေးပါရန် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြောင်းကြားလာသည်ဟု ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **MT**

## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

မန္တလေး ဇွန် ၁၄

ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်၌ ဇွန် ၁၃ ရက်က ကွင်းဆင်းဆောင်ရွက်ပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်နှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်း ၂၀ နှင့် အသက် ၁၆ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် ၆၆ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရပ်ကွက်နေပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကိုလည်း အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။ **မြင့်မော်ထွန်း**



# မသိသူကျော်သွား သိသူဖော်စား လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ

အေးမွန်(လေဘာ)

၂၀၂၄ ခုနှစ် ဧပြီလဆန်းမှစပြီး အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများလက်စွဲစာအုပ်၊ ၂၀၂၁-၂၀၂၃ ခုနှစ် (Handbook on Human Resources Development Indicators, 2021-2024 - HRDI) ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်ပါတယ်။ စာအုပ်ထွက်ရှိမှာကို စောင့်မျှော်နေကြသူတွေ၊ အညွှန်းကိန်းအသုံးပြုနေကြသူ (user) တွေက သိရှိပြီးဖြစ်ပေမယ့် မသိသေးတဲ့သူတွေအတွက် သိရှိစေဖို့ မျှဝေပေးခြင်းဖြစ်ပါတယ်။

လွန်ခဲ့တဲ့ တစ်လခန့်က ထိုင်းနိုင်ငံ Khon Kaen မြို့မှာရှိတဲ့ Mekong Institute မှာ Regional Cooperation Training တက်နေတဲ့ ကျွန်မရဲ့ မိတ်ဆွေက နိုင်ငံအလိုက် မိမိနိုင်ငံအကြောင်း Presentation ပြုလုပ်ရမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာ Data တွေကို ရှာဖွေရာမှာ ပေးထားတဲ့အချိန်ကလည်းနည်း၊ အခြားသင်ခန်းစာတွေလည်းရှိ၊ စာရှာချိန်မရဘူးလို့ Online ကနေ စကားပြောရင်း ညည်းပြနေတာနဲ့ ကျွန်မက **"ငါတို့နိုင်ငံရဲ့ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း ၆၂ ခုရဲ့ အချက်အလက်ကိန်းဂဏန်း Data တွေ ခြောက်နှစ်စာပါရှိတဲ့ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ဖတ်ကြည့်လိုက်၊ အဲဒီစာအုပ်မှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိန်းဂဏန်းစတဲ့ အချက်အလက်တွေကို ခြောက်နှစ်စာ ဖော်ပြထားတယ်။ အဲဒီအချက်အလက်တွေနဲ့ နင် Presentation ပြောလို့ လွယ်သွားပြီလို့"** အကြံပြုလိုက်ပါတယ်။

မကြာခင်မှာ Presentation အောင်မြင်စွာပြီးစီးကြောင်း၊ ကျွန်မကို ကျေးဇူးတင်ကြောင်း၊ သူ့ရဲ့ Presentation မှာ Reference အဖြစ် ၂၀၂၀-၂၀၂၁ ခုနှစ်၊ HRDI စာအုပ်ရရှိနိုင်တဲ့ ကျွန်မတို့ဝန်ကြီးဌာန Website လိပ်စာ www.mol.gov.mm ကို ထည့်သွင်းဖော်ပြပေးခဲ့ကြောင်း၊ အခြား မဲခေါင်နိုင်ငံများမှ သင်တန်းသားတွေလည်း ကျွန်မမိတ်ဆွေရဲ့ Presentation ကို စိတ်ဝင်စားကြကြောင်း Message ပို့လာခဲ့ပါတယ်။ အဲဒီစာအုပ်ကတော့ မနှစ်က (၂၂) ကြိမ်မြောက်ထုတ်ဝေခဲ့တဲ့ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ (HRDI)လက်စွဲစာအုပ် ဖြစ်ပါတယ်။

**(၂၃) ကြိမ်မြောက်အဖြစ် ထုတ်ဝေခြင်း**

လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ (HRDI) လက်စွဲစာအုပ်ကို အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ၁၉၉၇ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ရာမှာ ၂၀၂၁-၂၀၂၃ စာအုပ် ထုတ်ဝေခြင်းဟာ (၂၃) ကြိမ်မြောက်အဖြစ် ထုတ်ဝေခြင်း ဖြစ်ပါတယ်။ ဒီစာအုပ်လေးဖြစ်ပေါ်လာပုံကို မနှစ်က (၂၂) ကြိမ်မြောက် HRDI စာအုပ်ထွက်ရှိစဉ်က သတင်းစာတွေမှာ ကျွန်မရေးသားခဲ့တဲ့ "စကားပြောနေသော အညွှန်းကိန်းများ" ဆောင်းပါးမှာ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခဲ့ပြီးဖြစ်လို့ ထပ်ပြီး မဖော်ပြလိုတော့ဘဲ ယခုဆောင်းပါးမှာ HRDI စာအုပ်ရဲ့ အသုံးဝင်မှုကို အလေးထားဖော်ပြသွားမှာ ဖြစ်ပါတယ်။

**Website မှာပါ လွှင့်တင်ပေးထား**

ယခင်က HRDI စာအုပ် ထုတ်ဝေဖြန့်ဝေရင် စာအုပ်ကို အညွှန်းကိန်းရဲ့ ကိန်းဂဏန်းတွေ ပို့ပေးတဲ့ဦးစီးဌာန၊ အဖွဲ့အစည်း၊ ကော်မတီများနဲ့ တက္ကသိုလ်၊ စာကြည့်တိုက်တွေကိုသာ ပေးပို့ဖြစ်ခဲ့ပါတယ်။ ယခုနောက်ပိုင်း Digital ခေတ်မှာတော့ ဝန်ကြီးဌာန Website မှာပါ လွှင့်တင်ပေးထားတဲ့အတွက် ပြည်တွင်း/ပြည်ပ ဘယ်အရပ်ဒေသကမဆို လွယ်ကူလျင်မြန်စွာ HRDI စာအုပ်ကို ဖတ်နိုင်ပြီး စာအုပ်ပါ Data များကို အသုံးပြုနိုင်ပြီဖြစ်တဲ့အတွက် အထူးဝမ်းမြောက်စရာဖြစ်ပါတယ်။ စာအုပ်ရဲ့အသုံးဝင်ပုံကို သိရှိသူများက ပြည်ပ ခရီးစဉ်တွေ၊ ပြည်တွင်း/ပြည်ပဆွေးနွေးပွဲတွေနဲ့ အစည်းအဝေးတွေ တက်ရောက်တဲ့အခါ HRDI စာအုပ်ကို ယခင်က ယူဆောင်သွားရလေ့ရှိပါတယ်။ ယခုအချိန်မှာတော့ ဘယ်နေရာကမဆို ကျွန်မတို့ဝန်ကြီးဌာန Website မှတစ်ဆင့် ကြည့်ရှုနိုင်တဲ့အတွက် Smart ဖုန်းတစ်လုံးပါရင်ပဲ အားလုံးအဆင်ပြေနေပြီ ဖြစ်ပါတယ်။ လက်စွဲစာအုပ်အဖုံးမှာ Qr Code ထည့်သွင်းထားပြီး အလွယ်တကူ Website သို့ ဝင်ရောက်လေ့လာနိုင်စေရန် ဆောင်ရွက်ထားပါတယ်။

ပုံမှန်အားဖြင့် HRDI လက်စွဲစာအုပ်မှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနဲ့သက်ဆိုင်တဲ့ အညွှန်းကိန်း ၆၂ ခုရဲ့ ခြောက်နှစ်စာ ကိန်းဂဏန်း အချက်အလက်တွေကို ဖော်ပြပါရှိပေမယ့် ယခုစာအုပ်က ၂၀၂၁-၂၀၂၂ ခုနှစ်အတွက် ခြောက်လကြားကာလ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၂၂ -၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးအတွက်ပါပေါင်းပြီး ဘဏ္ဍာရေးကာလနှစ်ခုပေါင်း ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဒီလိုဘဏ္ဍာရေးကာလ နှစ်ခုပေါင်း (၂၀၂၁-၂၀၂၃) ခုနှစ် ထုတ်ဝေခြင်းမှာလည်း အညွှန်းကိန်း အသုံးပြုသူတွေရဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ အညွှန်းကိန်းနဲ့ သက်ဆိုင်တဲ့ဌာန၊ အဖွဲ့အစည်း၊ ကော်မတီတွေရဲ့ အကြံပြုချက်တွေအရ ပိုပြီး အထောက်အကူဖြစ်စေဖို့ ထည့်သွင်းဖော်ပြခဲ့ခြင်း လည်းဖြစ်ပါတယ်။

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းတွေက နှစ်စဉ် အဆိုပါ HRDI စာအုပ်ထုတ်ဝေနိုင်ဖို့ ပထမဦးစွာ စာအုပ်မှာပါရှိတဲ့ အညွှန်းကိန်းနဲ့သက်ဆိုင်တဲ့ ဝန်ကြီးဌာန ၂၁ ခုအောက်ရှိ ဦးစီးဌာနနဲ့ အဖွဲ့ ၄၄ ခု၊ တက္ကသိုလ်/ကောလိပ် လေးခု၊ အသင်းအဖွဲ့ နှစ်ခု၊ ကော်မတီ တစ်ခုတို့ကို ကိန်းဂဏန်းအချက်အလက်တွေ တောင်းခံရပါတယ်။

**စာအုပ်ထုတ်ဝေနိုင်ဖို့အတွက်**

ရရှိလာတဲ့ ကိန်းဂဏန်းအချက်အလက်တွေကို ပြုစုပြီးနောက် HRDI လက်စွဲစာအုပ် ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ (Core Working Group-CWG) အစည်းအဝေး ပြုလုပ်ပြီး အစည်းအဝေးမှာ ပထမမူကြမ်းနဲ့ ပတ်သက်ပြီး ဆွေးနွေး၊ ညှိနှိုင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ရပါတယ်။ ဆက်လက်ပြီး စာအုပ်ထုတ်ဝေနိုင်ဖို့အတွက် ဒုတိယမူကြမ်းနဲ့ ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကိုတော့ CWG အဖွဲ့ဝင်တွေသာမကဘဲ စာအုပ်ပါ အညွှန်းကိန်းနဲ့သက်ဆိုင်တဲ့ ဌာန၊ အဖွဲ့အစည်း၊ ကော်မတီတွေက ကိုယ်စားလှယ်တွေပါ ဖိတ်ကြားပြီး အကြံပြုချက်တွေ၊ ဆွေးနွေးချက်တွေကို ရယူပြီးနောက် ပြင်ဆင်အတည်ပြုကာ နောက်ဆုံးမူကြမ်းကို အလုပ်သမားဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလ လူစုလူဝေးနဲ့ အစည်းအဝေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ခွင့်မရှိတဲ့ ကာလတွေမှာတောင် HRDI လက်စွဲစာအုပ်နှစ်စဉ်ထုတ်ဝေနိုင်ရေး အညွှန်းကိန်းနဲ့ သက်ဆိုင်တဲ့ ဌာန၊ အဖွဲ့အစည်း၊ ကော်မတီတွေ၊ CWG အဖွဲ့ဝင်တွေဆီ သဘောထားမှတ်ချက်တွေ ပေးပို့၊ အကြံပြုချက်၊ ဆွေးနွေးချက်၊ ပြင်ဆင်အတည်ပြုချက်များရယူပြီး စာအုပ်ထွက်ရှိနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီ HRDI စာအုပ်ပါ ကိန်းဂဏန်းတွေက သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း၊ ကော်မတီတွေက ပြုစု/တွက်ချက်ထားရှိတဲ့အညွှန်းကိန်းတွေရဲ့ အချက်အလက် ကိန်းဂဏန်းတွေ၊ စစ်တမ်း၊ သန်းခေါင်စာရင်းတွေမှ ကိန်းဂဏန်းတွေ ဖြစ်ကြပါတယ်။ ဒါ့အပြင် စာအုပ်မှာ အညွှန်းကိန်းနဲ့ သက်ဆိုင်တဲ့ အဓိပ္ပာယ်ဖော်ပြချက်တွေ၊ တွက်ချက်မှုတွေ (Glossary, Definition and Methodology)၊ ကိန်းဂဏန်းရရှိတဲ့အရင်းအမြစ်တွေကို အောက်ခြေမှတ်ချက် foot note တွေနဲ့ ခိုင်မာစွာဖော်ပြထားပြီး စာအုပ်ကို လွယ်ကူစွာအသုံးပြုနိုင်ဖို့ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာနဲ့ ထုတ်ဝေထားခြင်းဖြစ်ပါတယ်။

**အထောက်အထားခိုင်မာတဲ့ စာအုပ်**

HRDI စာအုပ်မှာ မိမိတို့နိုင်ငံရဲ့ ဧရိယာအကျယ်အဝန်း၊ လူဦးရေပမာဏ၊ လူဦးရေသိပ်သည်းဆတွေ၊ မြန်မာနိုင်ငံရဲ့ လုပ်သားအင်အား၊ အလုပ်လက်ရှိ၊ အလုပ်လက်မဲ့၊ လုပ်သားအင်အားပါဝင်မှုနှုန်းတွေ၊ ကျန်းမာရေး ဆိုင်ရာကဏ္ဍမှာ ကျန်းမာရေးဝန်ထမ်းနဲ့ လူဦးရေအချိုး၊ ဆေးရုံ၊ ဆေးခန်းအရေအတွက်၊ ပညာရေးဆိုင်ရာကဏ္ဍမှာ ကျောင်းနေနှုန်း၊ ဘွဲ့ရနဲ့ သက်မွေးပညာကျောင်းတွေရဲ့ သင်တန်းပြီးမြောက်သူ အရေအတွက်၊ စီးပွားရေးကဏ္ဍတွေမှာ ဂျီဒီပီ၊ ကဏ္ဍအလိုက် နိုင်ငံတော်အသုံးစရိတ်တွေ၊ အခြားကဏ္ဍတွေမှာ မြေယာအသုံးချမှု၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ သတင်းနဲ့ပြန်ကြားရေးကဏ္ဍနဲ့ လူဦးရေနဲ့ မော်တော်ကားစီးရေအချိုး၊ တယ်လီဖုန်း၊ Mobile ဖုန်းသုံးစွဲသူ၊ အင်တာနက်သုံးစွဲသူအရေအတွက်၊ စာတိုက်မှ ဝန်ဆောင်မှုပေးမှု၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုအရေအတွက်၊ လူမှုဝန်ထမ်းဆိုင်ရာ သင်တန်းကျောင်းတွေ၊ စင်တာတွေ၊ မှုခင်းဖြစ်ပွားမှုအခြေအနေ၊ ပြည်သူလူထုရဲ့ ဆေးရုံတက်ရောက်ကုသရခြင်းနဲ့ သေဆုံးရခြင်းအကြောင်းရင်းများ စတဲ့ အဓိက အကြောင်းအရာတွေကို အသေးစိတ် ခြောက်နှစ်စာ ကိန်းဂဏန်းအချက်အလက်တွေ ထည့်သွင်းဖော်ပြထားပါတယ်။



အခြား စာရင်းအင်းနဲ့ ပတ်သက်တဲ့ ဌာနတွေ၊ အဖွဲ့အစည်းတွေက နိုင်ငံရဲ့ သက်ဆိုင်ရာ စာရင်းအင်း ကိန်းဂဏန်းတွေကို နှစ်စဉ် စာအုပ်ထုတ်ဝေလျက်ရှိပေမယ့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းလက်စွဲစာအုပ်က စာရင်းအင်းကိန်းဂဏန်းအချက်အလက်တွေကို ခြောက်နှစ်စာ ဖော်ပြထားတဲ့အတွက် တစ်ပြိုင်တည်း နှိုင်းယှဉ်ကြည့်ရှုနိုင်ရုံမက အလွန်အသုံးဝင် ရည်ညွှန်းကိုးကားနိုင်တဲ့ အထောက်အထားခိုင်မာတဲ့စာအုပ် ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

စာအုပ်မှာ ခြောက်နှစ်စာလူဦးရေ၊ ဖွားသေစာရင်းအင်း၊ ကျန်းမာရေးနဲ့ အာဟာရ၊ ပညာရေးနဲ့ လေ့ကျင့်မှု၊ လုပ်သားစာရင်းအင်း၊ စီးပွားရေး၊ စားသောက်ကုန်ထုတ်လုပ်မှုနဲ့ မြေယာအသုံးချမှု စတဲ့ လူ့စွမ်းအားအရင်းအမြစ်နဲ့ ပတ်သက်တဲ့ အချက်အလက်ကိန်းဂဏန်းတွေကို အခန်းအလိုက် ဖော်ပြထားပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အတက်အကျ အနိမ့်အမြင့် အခြေအနေအရပ်ရပ်ကို သုံးသပ်နိုင်မှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပညာရေးကဏ္ဍရှိ အညွှန်းကိန်းတွေကို လေ့လာကြည့်ပါက ၂၀၂၀/၂၀၂၁ ခုနှစ်မှာ ကျောင်းသားတွေ ကျောင်းတက်ရောက်မှု၊ ဘွဲ့ရရှိမှုအခြေအနေဟာ အရေအတွက် အလွန်နည်းပါးကြောင်း တွေ့ရမှာဖြစ်လို့ ဘာကြောင့်ဖြစ်သလဲဆိုတာကို အခြားအချိန်တွေနဲ့ နှိုင်းယှဉ်ကြည့်ပါက ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့တဲ့ ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ဖြစ်ကြောင်း သုံးသပ်နိုင်မှာဖြစ်ပါတယ်။

အဲဒါကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ခြောက်နှစ်စာအညွှန်းကိန်းတွေကို လေ့လာပြီး ဖြစ်ပျက်ခဲ့တဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ကျဆင်းမှုတို့ကိုသုံးသပ်ပြီး အနာဂတ်အတွက် မူဝါဒချမှတ်ခြင်း၊ စီမံကိန်းတွေ ရေးဆွဲခြင်းကို ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်၊ ၂၀၂၁-၂၀၂၃ ခုနှစ် (Handbook on Human Resources Development Indicators, 2021-2024-HRDI) ဟာ ဝန်ကြီးဌာနတွေ၊ အစိုးရဌာနဆိုင်ရာတွေ၊ NGO, INGO တွေ၊ တက္ကသိုလ်၊ ကောလိပ်တွေ၊ ကျောင်းသား ကျောင်းသူတွေ၊ သုတေသီတွေအတွက် အထူးပင် အသုံးဝင်တန်ဖိုးရှိတဲ့ စာအုပ်တစ်အုပ်ဖြစ်လို့ မသိရှိသေးသောသူတွေအနေနဲ့ ကျော်သွားခြင်းများမဖြစ်စေဖို့နဲ့ အများပိုမိုသိရှိ အသုံးပြုနိုင်စေဖို့ မျှဝေလိုက်ရခြင်း ဖြစ်ပါတယ်။ ။

**"အခြား စာရင်းအင်းနဲ့ပတ်သက်တဲ့ ဌာနတွေ၊ အဖွဲ့အစည်းတွေက နိုင်ငံရဲ့ သက်ဆိုင်ရာ စာရင်းအင်းကိန်းဂဏန်းတွေကို နှစ်စဉ် စာအုပ်ထုတ်ဝေလျက်ရှိပေမယ့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်း လက်စွဲစာအုပ်က စာရင်းအင်းကိန်းဂဏန်းအချက်အလက်တွေကို ခြောက်နှစ်စာ ဖော်ပြထားတဲ့အတွက် တစ်ပြိုင်တည်း နှိုင်းယှဉ်ကြည့်ရှုနိုင်ရုံမက အလွန်အသုံးဝင် ရည်ညွှန်းကိုးကားနိုင်တဲ့ အထောက်အထားခိုင်မာတဲ့ စာအုပ်ဖြစ်တယ်လို့ ပြောနိုင်ပါတယ်"**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၈) ရက်၊ (အင်္ဂါနေ့) "အီဒုလ်အသ္ဟာ (ကုရ်ဘာနီအီးဒ်)" နေ့သည် အများပြည်သူအလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ပုသိမ်မြို့၌ ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေး အသိပညာပေး

**ပုသိမ် ဇွန် ၁၄**

၂၀၂၄ ခုနှစ် ဇွန် ၁၇ ရက်တွင် ကျရောက်မည့် "ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့" အထိမ်းအမှတ် အသိပညာပေးကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်ရုံးခန်းမ၌ ယမန်နေ့က ပြုလုပ်သည်။ **(အောက်ပုံ)**

အဆိုပါ အသိပညာပေး Talk Show တွင် တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်ဦး၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်သန္တာဦး၊ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမာထွန်းတို့က ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ ဖြစ်ပေါ်လာပုံနှင့် ယခုနှစ်၏ ဆောင်ပုဒ်၊ သဲကန္တာရဖြစ်ထွန်းမှု၊ မိုးခေါင်မှုနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ သဲကန္တာရတိုက်ဖျက်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ မိုးခေါင်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




## အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကျင်းပ

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် ဌာနမှကောက်ခံလျက်ရှိသော အခွန်အရပ်ရပ်နှင့် ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ထမ်းဆောင်ရမည့် လုပ်ငန်းများအပေါ် အခွန်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးနိုင်ထွန်းဦးက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်မြင့်မြတ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စံထွန်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်းစုစုပေါင်း ၂၂၀ တက်ရောက်ကြောင်း သိရသည်။

မျိုးမင်းသိန်း (မရမ်းကုန်း)



## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၀၅ ကျပ် | ၂၇၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၁၅ ကျပ် | ၂၅၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၄၅ ကျပ် | ၂၇၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



## စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ မူဆယ်မြို့၌ ဆောင်ရွက်

**မူဆယ် ဇွန် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

စာဖတ်ရှိန်မြှင့်တင်ရေးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက စာကြည့်တိုက်နှင့်ပတ်သက်သည့် Activity များ ဆောင်ရွက်မှုများ၊ DLMS စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းက စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကိုဆွေးနွေးပြီး တက်ရောက်လာသည့် စာပေချစ်သူများက စာပေဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးကြကာ ခရိုင်ပြည်သူ့စာကြည့်တိုက်ရှိ စာအုပ်/စာစောင်များကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ချယ်ရီမြေ (မူဆယ်)

## ကွန်ပျူတာသင်တန်း ဖွင့်ပွဲကျင်းပ

**ကသာ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားထောက်ပံ့မှု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ် (၄ /၂၀၂၄)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲဝင်းလွင်က အမှာစကားပြောကြားပြီး ကွန်ပျူတာအခြေခံသင်တန်း (၄ /၂၀၂၄) တွင် သင်ကြားသွားမည့် ဘာသာရပ်များနှင့် ပတ်သက်၍ သင်တန်းနည်းပြဆရာ ဦးသျှားညိုက ရှင်းလင်းပြောကြားသည်။

သင်တန်းကို သင်တန်းသား/ သင်တန်းသူ ၁၀ ဦးဖြင့် နှစ်ချိန်ခွဲ၍ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

လူအောင် (ကသာ)



မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၃၀၀ | ၄၆၇၉ | ၄၂၃၆၇၈၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၇၇၅ | ၂၅၁၈၇၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၄ | ၃၃၆၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၆၂၀၇၄ | ၁၀၈၈၀၀၇၅၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၇ | ၂၀၃၀၀ |
| EFR | ၁၉၀၀ | ၂၀၀၀ | ၅၉၁ | ၁၁၄၄၉၀၀ |
| AHPC | ၅၀၀၀ | ၅၀၀၀ | ၂၀ | ၁၀၀၀၀၀ |
| MAEPC | ၃၃၅၀ | ၃၃၅၀ | ၃၀၄၆ | ၁၀၂၀၄၁၀၀ |

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**





## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့၊ မယ်ဆွမ်တောင်ရပ်ကွက်နေ အထက်တန်းကျောင်း အုပ်ဆရာမကြီး ဒေါ်သွယ်သွယ်ဟန် ၅/စကန(နိုင်)၀၀၉၄၄၁၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သိန်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဈေးရပ်ကွက်နေ အလက(သန်းကုန်း)မှ ဒု-အလယ်တန်းပြ ဒေါ်အုန်းမြင့်ကြည်နှင့် ဒေါ်အုံးမြင့်ကြည်မှာ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ အထက(ပွင့်ဖြူ)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်စည်းစိမ်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း (၈/ပဖန(နိုင်)၀၃၁၃၃၇) ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဝင်း**

## ပတ်စ်ပို့ပျောက်

ပျဉ်းမနားမြို့နယ်၊ ရန်အောင် (၂) ရပ်ကွက်၊ အိမ်အမှတ် (၁၇/၂၁)နေ (ဘ) ဦးသိန်းငွေ၏သား မောင်ကိုကိုထိုက် ၉/ပမန(နိုင်)၂၈၇၉၂၇၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-607960)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၄၂၆၀၅၆၁**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/27306၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကြီးပင်ကန်(၂)၊ ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) Grade-2 မှ မောင်ကျော်ငြိမ်းစံ၏ ဖခင် ဦးကံစိန်၏ အမည်မှန်မှာ ဦးဆန်းသော်တာ ၈/မဘန(နိုင်)၁၃၃၈၉၉ ဖြစ်ပါကြောင်း။

**ဦးဆန်းသော်တာ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့၊ အမှတ် (၂)၊ အခြေခံပညာအထက်တန်းကျောင်း Grade-11 (A)၌ ပညာသင်ကြားနေသော မရှင်းသန့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး ၉/သစန(နိုင်)၁၃၈၈၇၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀၇) ၊ ရတနာပုံလမ်း၊ မြေကွက်အမှတ် (၉၂-က) ဟုခေါ်တွင်သော မြေချပါမစ်မူရင်းတွင် ဦးတစ်စနား (ISN- ၃၆၈၅၇၉) အမည်ပေါက် အလျား (၂၀)ပေ x အနံ (၆၀)ပေ ၊(၁၂၀၀)စတုရန်းပေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခိုင်ဇင်လတ် (၁၂/တမန(နိုင်)၀၀၃၉၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်အေးသန်း (၁၂/ဥကတ(နိုင်)၀၄၂၇၁၆)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန်း၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)**

**ဒေါ်မြတ်နိုးခင်(LL.B)**
**အထက်တန်းရှေ့နေ စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)**

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက် အမှတ်နှင့်အမည် (မ-၂/ပဒေသာရပ်)၊ ဦးပိုင်အမှတ် - ၁၉၆၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန်သစ်ရရှိရန်အတွက် ဦးမြသောင်း (၇/ပတန(နိုင်)၀၀၆၀၇၄)က လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက် အမှတ်နှင့်အမည် - ၄၅/ မြမာလာ၊ ဦးပိုင်အမှတ် (၁၂၀ - က)၊ ဧရိယာ ၀ ဒသမ ၀၈၇ ဧကရှိ မြေကွက်အား မြေငှားဂရန် သက်တမ်းတိုး ရရှိရန်အတွက် ဦးလီရှောက်ရှင် (၁၃/ကလတ(နိုင်)၀၁၃၃၀၇)က လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါ သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ ရတနာလမ်းတွင်တည်ရှိသည့် မြေကွက်အမှတ်(၁၀၁၃)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးကျော်လှအမည်ပေါက် ဂရန်မြေအမျိုးအစားမြေကွက် အနက်မှတရားဝင် မခွဲစိတ်ရသေးသော မြေအကျယ်အဝန်း(၁၇x၆၀)ပေ (မြေကွက်အမှတ်-၁၀၁၄နှင့် ကပ်လျက်အခြမ်း)မြေ ကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ယင်းတို့နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်တင်အောင်ကြည်(၁၂/ဗဟန(နိုင်)၀၅၂၇၀၀)က ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း၊ အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ရဲမြင့် LL.B,DBL,DIL,DIPL တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၅၃)**
**အမှတ်(၈)၊ ရုံးပတ်လမ်း၊ မ.ဝ.တ လမ်းဆုံ၊ မြို့နယ်တရားရုံးအနီး၊**
**(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း- ၀၉-၄၂၀၀၄၉၆၁၅၊ ၀၉-၇၉၅၉၇၄၉၁၁**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ကျောက်မော်ရပ်ကွက်၊ အကွက်အမှတ်(၅၇)၊ အကွက်အမည် - မျှော်အင်းတောင်အကွက်၊ ဦးပိုင်အမှတ် (၁၅၆.ပ)၊ မြေဧရိယာ (၀.၀၃၅)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

- (က) အရှေ့လားသော် - ဦးပိုင်အမှတ်(၁၅၆.ခ)
- (ခ) အနောက်လားသော် - ဘုမ္မော်ချောင်း
- (ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၁၅၆-န)
- (ဃ) မြောက်လားသော် - အာဇာနည်လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်/မြေပိုင်ခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း)ပေးရန် ဦးအောင်မင်းဦး ပါ(၂)ဦး မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဇူလိုင်လ(၁၁)ရက်နေ့မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်ထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ထားဝယ်မြို့**

## ပတ်စ်ပို့ပျောက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဂျူပ်ပင်ကျေးရွာနေ ကျွန်မ မလွင်လွင်အောင် ၉/မခန(နိုင်)၃၁၆၇၉၅၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ၅-၁၂-၂၀၂၃ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၀၅၅၂၂၉၁**

## ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးစီးကြောင်း ကြေညာခြင်း

ABI

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်သည် (၂၃)ရက် မေလ ၂၀၂၄ ခုနှစ်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်အမှတ် ၄/၄၄၃၆ ဖြင့် မှတ်ပုံတင်သွင်းပြီးစီးခဲ့ပြီး ကုန်စိမ်းနှင့်စားသောက်ကုန်ပစ္စည်းအမျိုးမျိုး ရောင်းချခြင်းအဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုနိုင်ရန် တီထွင်ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိပါသည်။

မူလပိုင်ရှင် A BI Trading Co,Ltd ၏ ခွင့်ပြုချက်မရရှိဘဲ ပုံတူပြုလုပ်သုံးစွဲခြင်းများရှိပါက တည်ဆဲဥပဒေများနှင့် အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကျော့မွန်မွန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၉၄/၂၀၁၇)**
**အမှတ် ၄၃ အုတ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၂၄၆၈၆၃၊ ၀၉-၇၈၀၄၆၀၁၄၀**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ မြို့သစ်(၅)လမ်းနေ မဟာရွှေဂုဏ်ထူးကိုယ်ပိုင်အထက်တန်းကျောင်း Grade-2 မှ မသီရိခြူး၏ ဖခင်အမည်မှန်မှာ ဦးစည်သူစိုး ဖြစ်ပါကြောင်း။

**ဦးစည်သူစိုး**

## အမည်မှန်

ဦးကျော်မင်းဇော်၏သမီး မြိတ်မြို့နယ်၊ အထက(ခွဲ) သစ်ယာ၁၀ Grade-2မှ မရွှေမှုံဝန်းရံ၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မရွှေရေးရေးချယ် ဖြစ်ပါကြောင်း။

**မရွှေရေးရေးချယ်**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ တိုက်အမှတ်(၄၆)၊ မြေညီထပ် (ခေါင်းရင်းခန်း)ဘက်ခြမ်းရှိ တိုက်ခန်းကို အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို အမွေဆက်ခံပိုင်ဆိုင်ထားကြသူများဖြစ်ကြကြောင်းနှင့် ရောင်းချခွင့်ရှိကြသူ များဖြစ်ကြောင်း၊ ဝန်ခံပြောဆိုပြီး ရောင်းသူများဖြစ်သော ဒေါ်ခင်မေသီ (၁၂/တမန(နိုင်)၀၈၀၁၃၁၃)၊ ဦးမျိုးအောင် (၁၂/ တမန(နိုင်)၀၈၀၁၃၁၄)၊ ဦးအောင်မြင့်ဌေး (၁၂/တမန(နိုင်)၀၈၀၁၃၁၅)၊ ဦးအောင်မြတ် (၁၂/တမန(နိုင်)၀၈၀၁၃၁၆)၊ ဦးသန်းဌေး (၁၂/တမန(နိုင်)၀၈၀၁၃၁၇)တို့ထံမှ ဦးကျော်စိန်လှ (၁၁/စတန(နိုင်)၀၅၃၈၆၁)၊ ဒေါ်ခင်စောဖြူ (၁၁/စတန(နိုင်)၀၅၅၅၉၃) တို့က လက်ရောက်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါ၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာစာချုပ်၊ စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေအရ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၃/၂၀၁၂)**
**ရုံးခန်း - ကွန်ဒိုအမှတ်-၄၅၆၊ ပထမထပ်၊ ကမ်းနားလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၆၁၀၃၆၉၀၆၊ ၀၉-၇၃၀၅၄၉၇၀**

## ကန့်ကွက်ရန်မရှိပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်သာကီလမ်း၊ အမှတ်(၂၂)၊ မြေညီထပ်နေ ဦးမောင်စစ်(အဆောင်ကောင်း ကုမ္ပဏီလီမိတက်)ပိုင်"ရော-စ"(Y-၂၃၃၉) ငါးဖမ်းရေယာဉ်အား မြိတ်မြို့၊ ဘုရား(၅)ဆူအနောက်ရပ်၊ (၂)လမ်း၊ အမှတ်(၂၆)နေ ဦးကျော်သူ နိုင်၆/ပလန(နိုင်)၀၅၁၆၈၄မှ ဝယ်ယူခြင်းအား အဆောင်ကောင်း ကုမ္ပဏီမှ ကန့်ကွက်ရန် မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်စစ်(ဒါရိုက်တာ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀ )ဧကရှိ ဒေါ်နွယ်နွယ်စိုး ၉/ပမန(နိုင်)၀၈၈၆၁၉ (ဘ)ဦးစံလှ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၂၂၄၃)ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၈၀၃/၂၀၂၃(၂၂-၃-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်သန်းသန်းဌေး ၉/ပဘန(နိုင်)၁၅၀၈၁၁ (ဘ)ဦးမောင်လွင်မှ ဦးအောင်ဗိုလ် ၉/မသန(နိုင်)၀၀၄၂၅၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ မြစ်ဖျားကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၅၆)၊ ဦးပိုင်အမှတ်(၈) ဧရိယာ(၁.၀၈)ဧကနှင့် ကွင်းအမှတ်(၁၀၅၀) ဦးပိုင်အမှတ်(၂၄၉)ဧရိယာ (၀.၄၈)ဧက၊ ဦးပိုင်အမှတ်(၂၇)ဧရိယာ(၀.၉၁)ဧက စုစုပေါင်း ဦးပိုင်(၃)ခု ဧရိယာ(၂.၄၇)ဧကရှိ လယ်မြေများသည် ငဖဲမြို့နယ်၊ မြစ်ဖျားကျေးရွာနေ(ဘ) ဦးမဲ့ဘူး၏ သမီး ဒေါ်ခင်ကြည် ၈/ငဖန(နိုင်)၀၁၆၅၈၂အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိခဲ့ပြီး ယခုအခါ ၎င်းလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ပျောက်ဆုံးခဲ့ခြင်းအား ကျွန်မဒေါ်ခင်ကြည်မှ မိတ္တူမှန်ထပ်မံထုတ်ပေးရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းအထောက်အထားများဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရုံးနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးများတို့၌ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ကြည် ၊**
**မြစ်ဖြားကျေးရွာ၊ ငဖဲမြို့နယ်၊**
**ဖုန်း-၀၉-၄၀၈၆၃၉၉၇၃**

## ကန့်ကွက်နိုင်ပါကြောင်း နှင့် အများသိရှိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၂၀-က)၊ ဦးပိုင်အမှတ်(၂၂)၊ အင်းလျားကွင်းအမည် မြေဧရိယာ(၁.၂၈)ဧကမှာ ကွယ်လွန်သူ ဒေါ်ပု(ဘ-ဦးဘာဘူ) ၉/စကတ(နိုင်)၀၃၂၂၂၆ အမည်ပေါက်ပိုင်ဆိုင်ခဲ့သော အခြားနည်းသုံးစွဲခွင့် ရရှိထားသောမြေ ဖြစ်သည်။ (၂၄-၆-၂၀၁၃)ခုနှစ်တွင် ဒေါ်ပုပိုင်မြေကွက်ကို တန်ဖိုးငွေကျပ်သိန်း (၃၀၀၀)တန်ဖိုးဖြတ်၍ ဦးသက်နောင်စိုး ၁၃/ကမန(နိုင်)၀၁၆၄၆၁အား ရောင်းချခဲ့ပါသည်။ ဒေါ်ပု၏ သမီးဖြစ်သူ ဒေါ်ခင်စန်းဝင်း ၉/စကတ(နိုင်)၀၃၂၂၂၇နှင့် ဒေါ်ခင်ဆွေ ၉/စကတ(နိုင်)၀၆၃၂၇၃တို့သည် အသိသက်သေများအဖြစ် ဝန်ခံလက်မှတ်ရေးထိုးပေးခဲ့သည်။ ဦးသက်နောင်စိုးထံတွင် ဒေါ်ပု ပိုင်ဆိုင်ကြောင်း တရားဝင်အထောက်အထားများ၊ တရားဝင်စာရွက်စာတမ်းမူရင်းနှင့်တကွ မြေလက်ဝယ် လက်ရောက်ရှိထားပြီး ဖြစ်သည်။

ဒေါ်ပု အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇)ကို (၂-၅-၂၀၂၂)ရက်စွဲပါရက်တွင် ရရှိပြီး အခြားနည်းဖြင့် အသုံးပြုခွင့်ကို ၂၀၂၃ခုနှစ်၊ မတ်လ(၁၁)ရက် စာအမှတ် ၂/၃-၃/၇ ဦး၆(၂၄၉)ဖြင့် ရရှိပါသည်။ ဦးသက်နောင်စိုးသည် တည်ဆဲ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပုဒ်မ-၂၄ နည်းဥပဒေ ၂၅နှင့် အမိန့်ကြေညာစာများနှင့်အညီ ပလိပ်ကျေးရွာ၊ မြနန္ဒာရပ်ကွက် မြေစီမံခန့်ခွဲမှု မြေတည် ရှိရာ ရပ်ကွက်ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှု ရှေ့မှောက်၌ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ပြီး အတည်ပြု နိုင်ရေးအတွက် လျှောက်လွှာတင်ရန် ဆောင်ရွက်နေစဉ် ဒေါ်ပု ကွယ်လွန်သွားခဲ့ပါသည်။ ဦးသက်နောင်စိုးအမည်ဖြင့် လွှဲပြောင်းနိုင်ရေးအတွက် အမွေဆက်ခံနိုင်သူများ၊တရားဝင်ကိုယ်စားလှယ်များသည် တရားဝင်အမွေဆက်ခံပိုင်ခွင့်နှင့် တရားရုံးဆုံးဖြတ်ချက်မူရင်း၊ ပိုင်ဆိုင်ခွင့်ရှိကြောင်း အထောက်အထား စာချုပ် စာတမ်းမူရင်းများဖြင့် (၇)ရက်တွင်း လာရောက်ဖြေရှင်းခြင်း ပြုလုပ်နိုင်ပါကြောင်းနှင့် အကယ်၍ လာရောက် ဖြေရှင်းခြင်း မပြုပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသက်နောင်စိုး (ဘ) ဦးဝင်းနောင်**
**၁၃/ကမန (နိုင်) ၀၁၆၄၆၁**
**အမှတ် (၉)၊ စမ်းကြီးဝအိမ်ရာ၊**
**၂(က)ရပ်ကွက်၊ခရေပင်လမ်း၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၈၅၀၅၇၈၈၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းအေးအေး**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်စဉ် (၁၆၂၅)၊**
**တိုက်-၂၀(အေ)၊ အခန်း (၁၀၁)၊**
**သုခဝတီအိမ်ရာ၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၂၈၃၂၀၁၈၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ဃ/၁၅၃၇၅, Honda Wave-100, M/c ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဟန် ၆/မမန(နိုင်)၁၁၈၆၄၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/67161,Honda click-150,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းခန့် ၅/မမတ(နိုင်)၁၂၂၇၅၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/46453,Trawlergi (lifan-1, Farn Tom ယာဉ်လက်ဝယ်ရှိသူ Khit Thit Loe Yar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့နယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်နယ်အစိုးရအဖွဲ့
## ရှမ်းပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄ - ၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ညှော့ရိပ်သာ တည်ဆောက်ခြင်း (အလျား ၇၅ ပေx အနံ ၃၈ ပေ x အမြင့် ၃၆ ပေ) လုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံသားကုမ္ပဏီ/လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

၂။ (က) တင်ဒါပုံစံစတင် ရောင်းချမည့်ရက်/အချိန် - ၁၄-၆-၂၀၂၄ရက် ရုံးချိန်အတွင်း

(ခ) တင်ဒါပုံစံ ရောင်းချမည့်နေရာ - ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့

(ဂ) တင်ဒါပုံစံ ဖွင့်လှစ်မည့်နေရာ - ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့ ဖုန်း ၀၈၁-၂၀၂၂၀၄ သို့ ရုံးချိန်းအတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါကြောင်းနှင့် တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်တို့ကို ထပ်မံ၍ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့**

## မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဥယျာဉ်မှူးကိုယ်ပိုင်အလယ်တန်းကျောင်း Grade-8 တန်းမှ မဆုပြည့် စုံ၏ မိခင်အမည်မှန်မှာ မဝင်းစန္ဒာထွန်း ၈/မကန(နိုင်)၁၂၇၅၅၅ ဖြစ်ပါကြောင်း။

**မဝင်းစန္ဒာထွန်း**

## အမည်ပြောင်း

မန္တလေးမြို့နေ VEC ကိုယ်ပိုင်အထက်တန်းကျောင်း G -11 (B)တွင် တက်ရောက်နေသော ဦးလျှိုအန်ရှူး၏သား မောင်စိုင်းထင်လင်းအောင်အား မောင်စိုင်းတင်အောင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့၊ ကောင်းချွန်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ (ဘ)ဦးသန်းဇော် ၈/ခမန(နိုင်)၁၃၉၇၆၆၏သား မောင်ထက်ဝေလျှံ၏ အမည်မှန်မှာအိမ်ထောင်စုစာရင်းအရ မောင်ထက်ဝေလျှံဖြစ်ပါကြောင်း။

**မောင်ထက်ဝေလျှံ**

## အမည်မှန်

တောင်သာမြို့နယ်၊ သာယာမြိုင်နေ(ဘ)ဦးဝင်းမြင့်၏သမီး သာယာမြိုင် အလက G(9)မှ မပြည့်သူဝင်း၏ အမည်မှန်မှာ မပြည့်ပြည့်သူဖြစ်ပါကြောင်း။

**မပြည့်ပြည့်သူ**

## ညောင်ရမ်းလမ်းမကြီး မြေကွက်ရောင်းမည်

အရှေ့လှည်း။အင်းဝလမ်းမအနီး။စီးပွားရေးလုပ်ရန်ကောင်း။ (၁၇)ရပ်ကွက်၊ရွှေပေါက်ကံ။ ညောင်ရမ်းလမ်း (အမှတ် ၂လမ်းနှင့် အမှတ်၃လမ်းပေါက်)။ ပေ ၂၀ × ပေ ၆၀ ။ဂရံခွဲပြီး။ သိန်း (၃၄၀၀) ညှိနိုင်။ 09 43021001

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/92641, Canda-125,M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Co.,Ltd.က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/5567, Honda-C-90,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်မွန်ဦး ၉/ပမန(နိုင်)၀၀၁၄၄၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/7310, TOYOTA COROLLA NZE120, SALLON (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမော် ၅/စကန(နိုင်)၀၂၉၃၉၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/9415, SUZUKI ZWIFT, Hatch Back (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်လွင် ၉/မနမ(နိုင်)၀၂၈၁၉၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**




## ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးစီးကြောင်း ကြေညာခြင်း

KING

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်သည် ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်စာချုပ်အမှတ် ၄/၄၅၉၀ ဖြင့် မှတ်ပုံတင်သွင်းပြီးစီးခဲ့ပြီး မွေ့ရာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုနိုင်ရန်တီထွင်ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။ မူလပိုင်ရှင် ဒေါ်ယွန်းပန်းဟန်နီထိုက် ၏ ခွင့်ပြုချက်မရရှိဘဲ ပုံတူပြုလုပ်သုံးစွဲခြင်းများရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကျော့မွန်မွန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၉၄/၂၀၁၇)**
**အမှတ် (၄၃) အုတ်လမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၂၄၆၈၆၃၊ ၀၉-၇၈၀၄၆၀၁၄၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ နဝရတ်လမ်း၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(၄)၊ မြေကွက်အမှတ်(၅၁၅)ဟုခေါ်တွင်သော ဧရိယာ(၀.၀၅၅)ဧက အကျယ်ရှိ ဦးမာမွတ်(ဌာနေ)အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်သီသီဟန်(ဘ)ဦးကျော်မြင့် ၁၂/ဒဂန(နိုင်)၀၃၁၄၅၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မောင်မြင့် (ဘ)ဦးသောင်းရှင် ၉/ကပတ (နိုင်)၁၅၅၆၄၇က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည် ။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇာနည် ( LL.B,D.B.L)(စဉ်-၁၄၆၆၈)**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင် (LL.B) (စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်ခင်သီတာမြင့်အောင်(LL.B) (စဉ် - ၅၂၀၆၄) အထက်တန်းရှေ့နေ**

**ဗိုလ်မိုးညိုလမ်းသွယ်၊အောင်ချမ်းသာ(၂)ရပ်ကွက်၊သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဟသ်ာကုန်းရပ်ကွက်၊ မွန်စံပြ(၈)လမ်း၊ အမှတ်(၁၁၃၇)နေ (ဘ) ဦးစိုးသိန်း ၇/ပခန(နိုင်)၀၄၄၁၇၃၊ အမိ ဒေါ်သန်းမြင့် ၇/ပခန(နိုင်)၀၄၄၁၇၆ တို့၏ သမီး မလေးလေးမွန် ၇/ပခန(နိုင်)၂၄၂၇၃၆ သည် မိဘ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် မိဘများခွင့်မလွှတ်နိုင်လောက်အောင် ပြုမူဆောင်ရွက်သွားသောကြောင့် ရာသက်ပန်သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင်တွင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးစိုးသိန်း-ဒေါ်သန်းမြင့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၇၂၁၁ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဆန်း ၁၀/မဒန(နိုင်)၁၆၃၂၂၉ က(ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရောတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၆/မြောက်ပိုင်း)၊ ဦးပိုင်အမှတ်(၉၈)၊ မြေဧရိယာ(၀.၀၃၉)ဧကရှိမြေအား ဦးကြည်လွင်-ဒေါ်ရီရီမြင့်အမည်ဖြင့် လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်လမြိုင်ကျွန်းမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ မင်္ဂလာကန်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၈၀၈/ခ)၊အကျယ်အဝန်း (၂၀' x ၆၀')ရှိ ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းနှင့်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန အမှတ်စဉ်အမှတ်(၇၅၂)အရ ဦးအောင်ချို (Q/RGN-၀၀၆၂၄၆) အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် တစ်ဆင့်ပြန်လည်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးနော်မန် (၁၂/မဂတ(နိုင်)၀၉၄၃၅၄)မှ အဆိုပါ မြေကွက်အား မိမိမှ တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မွန်မွန်ဦး (LL.B,LLM)** **ဒေါ်ညီမာ (LL.B)အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၃၆)** **အခန်းအမှတ်(308)၊ Office Tower(3),Time City,ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ဩဇာလမ်းမြေကွက်အမှတ်(၉၄၉)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော (မြေကွက်အမှတ်(၉၄၈)နှင့်ကပ်လျက်အခြမ်း) (၂၀x၆၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းကြည် (AA-၀၇၆၂၅၀)ကွယ်လွန်သဖြင့် ၎င်း၏အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်သည့် ဦးတင်ဝင်း (၁၂/စခန(နိုင်)၀၃၄၁၅၃)၊ ဒေါ်အေးမိ (A/RGN-၀၁၄၃၆၇)၊ ဒေါ်မြမြစိန် (၁၂/စခန(နိုင်)၀၃၂၇၁၇)တို့ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဦးဇေယျာဝင်း (၈/အလန(နိုင်)၁၃၁၀၈၁)၊ ဒေါ်ခင်ဖြူစင် (၈/အလန(နိုင်)၁၃၈၆၇၂)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ တန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀၇)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ် (၉၁-ခ) ဟုခေါ်တွင်သော မြေချပါမစ်မူရင်းတွင် ဦးကျော်လွင် (TGO- ၁၁၄၄၆၁) အမည်ပေါက် အလျား(၂၀)ပေxအနံ (၆၀)ပေ၊ (၁၂၀၀)စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခိုင်ဇင်လတ် (၁၂/တမန(နိုင်)၀၀၃၉၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်အေးသန်း (၁၂/ဥကတ(နိုင်)၀၄၂၇၁၆)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအထောက်အထားများ နှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန်း၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** **ဒေါ်မြတ်နိုးခင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** **စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)**
**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၉၈၁)၊ ၆-လွှာ(B) ညာဘက်ခြမ်း တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဆုလဲ့ဝင်းနိုင် ၁၂/တမန(နိုင်)၁၂၃၁၀၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိခိုင် ၁၂/ဒဂရ(နိုင်)၀၁၂၇၈၄က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** **ဒေါ်ခင်စောသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၂၆၁၃၉၉၊ ၀၉-၄၄၃၀၂၆၉၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပ ရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်မြင့်မြင့်ဦး ၁၀/မလမ(နိုင်)၀၃၆၅၁၈ (ဘ)ဦးသန်းဦး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၁၆၅၃) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၀၅/၂၀၁၉(၁၈-၆ ၂၀၁၉)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဇာနည်ကျော် ၉/ပမန(နိုင်)၁၇၃၅၄၁ (ဘ)ဦးဘသိုက်မှ ဒေါ်မေယု ၁၄/မမန(နိုင်)၂၄၆၉၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၂၆ )၊ မြေကွက်အမှတ်( ၅၁၁ )၊အကျယ်အဝန်း( ၄၀ပေ× ၆၀ပေ )ရှိ နှစ်(၆၀)ဂရန်မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်စန်းစန်းထွေး( ၁၃/နမတ(နိုင်)၀၁၃၈၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချောချောဝင်း ( ၇/တငန(နိုင်)၀၉၉၀၃၅ )ကဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးထိန်လင်းသန်း** **ဒေါ်ပြည့်ပြည့်ဖြိုး**
**LL.B, D.B.L, D.I.L, D.M.L** **LL.B, D.B.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)**
အမှတ်( ၇၂၅ )၊ ပြည်သာယာ( ၂ )လမ်း၊ ( ၃၂ )ရပ်ကွက်၊ ဒဂုံမြို့သစ်( မြောက်ပိုင်း )မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆/၂)၊ လူနေရပ်ကွက်အမှတ် (၁၆/၂)၊ သုဒဿန(၂)လမ်း၊ မြေကွက်အမှတ်(၁၁၈)ဟု ခေါ်တွင်သည့် မြေအကျယ် စတုရန်းပေ(၂၃၅၅)ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ဂရန်အမည်ပေါက် ဦးအောင်အောင် ၈/ထလန (နိုင်)၀၄၁၈၇၂ ထံမှ ယခုရောင်းချသူ ဦးဝမ်စိန် ၁၂/လသန(နိုင်)၀၀၂၁၈၆ က ၃၀-၃-၂၀၂၃ ရက်စွဲပါ အိမ်နှင့်မြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ကမ်းလှမ်းချက်ကို သဘောတူညီသဖြင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းညွှန့်အောင် (LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၂၆)**
**အမှတ်(၃၃/၄၉)၊ အခန်း (၃၃)၊ ပထမထပ်၊ STRAND CONDO၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၀၂၅၇၀၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၁၄၉)၊ ခေါင်းရင်းခြမ်းညာဘက်၊ အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ) ဒေါ်ခင်မာကြည်(B/RGN- ၀၀၇၆၆၀)အမည်ပေါက် မြေချပါမစ်မူရင်း(၂)ရွက်အမျိုးအစားဟုခေါ်တွင်သော မြေကွက်နှင့် အဆက်စပ်စာချုပ်မူရင်းများအပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်၍ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟိန်းအောင်(၁၄/ကကန(နိုင်)၁၁၇၀၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ဇင်မွန်သိမ့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၀၅)**
**အမှတ်(၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/ အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၀၂၅၆၉၀၆၊ ၀၉-၄၅၁၁၆၇၆၈၈**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အထက(ဆင်ပေါင်ဝဲ) Grade-12တွင် ပညာသင်ကြားနေသော မနီနီအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၈/ဆပဝ(နိုင်)၀၉၆၈၉၈ ဖြစ်ပါကြောင်း။ **ဦးမောင်စိုး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ (အထက)ဇီးဖြူပင် Grade-11 တွင် ပညာသင်ကြားနေသော မထက်ထက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းခိုင် ၈/စလန(နိုင်)၀၈၄၄၁၅ ဖြစ်ပါကြောင်း။

**ဦးကျော်မင်းခိုင်**

## ဖခင်အမည်မှန်

တွံတေးမြို့နယ် အထက(ခွဲ)ပဒါန်ရေကျော် Grade-10 တွင် ပညာသင်ကြားနေသောမအေးမြတ်သူနှင့် Grade-5 တွင် ပညာသင်ကြားနေသော မခိုင်ဖူးဝေတို့၏ ဖခင်အမည်မှန်မှာ ဦးချစ်ဖွယ် ၁၂/တတန(နိုင်)၁၇၇၅၃၅ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ ခိုလမ်းမြို့ (၁) ရပ်ကွက်နေ မောင်သီဟ၏ မိခင် ဒေါ်မိုးမိုးထွေး၏ အမည်မှန်မှာ ဒေါ်နာလော ၁၃/နစန(နိုင်) ၁၁၆၁၉၂ ဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ပေ(၆၀x၆၀)၊ မြေကွက်အမှတ်(၄၆၀)၏ ယာယီမြေပေးလက်မှတ်မူရင်း ပျောက်ဆုံးသဖြင့် မြေကွက်အမည်ပေါက်သူ ဦးဝင်းလှိုင်(ဘ)ဦးလှအောင် ၉/ပမန(နိုင်)၁၈၈၂၄၃ထံမှ ဝယ်ယူထားသူ ဒေါ်သီတာလွင်(ဘ)ဦးမောင်မောင် ၁၂/လမတ(နိုင်) ၀၃၀၅၅၃မှ မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိသဖြင့် ယာယီမြေပေးလက်မှတ် မိတ္တူမှန်အား ထုတ်ပေးမည်ဖြစ်သဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဦးဝင်းလှိုင်အမည်ပေါက် ယာယီမြေပေးလက်မှတ်(မူရင်း)ကို ဤဌာနအနေဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၂-ရပ်ကွက်၊ အမှတ်(၇)၊ ဇေယျာသုခလမ်း၊ ဧရိယာ (၃၁ x ၁၀၀)ပေရှိ မဆိုဆီလာ ၇/ဖမန(နိုင်)၀၉၅၀၇၁ ပိုင်ဆိုင်သူနှင့် ကျွန်ုပ်၏မိတ်ဆွေတို့သည် အကျိုးတူ အဆောက်အအုံ ဆောက်လုပ်ရန် သဘောတူညီနိုင်းဆောင်ရွက်ပြီးဖြစ်ပါ၍ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက သဘောတူညီနိုင်းမှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မေမြတ်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၈၇၀)**
**အမှတ်(၁၄)၊ မလိခလမ်း၊ ၁၈/B၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၅၈၁၂၂၁၁**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း




ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကသစ်တန်းရပ်ကွက်နေ ဦးမြတ်မင်း ၇/အတန(နိုင်)၀၇၄၈၂၄ သည် အောင်စိုးမိုးလမ်းတွင်ရှိသော သောက်ရေသန့်လုပ်ငန်းမှ ထုတ်လုပ်သည့် ရွှေဖလား (Purified Drinking Water) သောက်ရေသန့် အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချရန် စီစဉ်ထားပါ သည်။ သို့ပါ၍ အုတ်တွင်းမြို့နယ်နှင့် တကွ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိ သော သောက်ရေသန့်လုပ်ငန်းမှ အမည်တူရှိပါက ခိုင်လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဦးမြတ်မင်းထံသို့ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍သော်လည်း ကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ Viber မှ ပေးပို့၍သော်လည်းကောင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် သက်ဆိုင်ရာဌာနအဆင့်ဆင့်သို့ ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမြတ်မင်း ၇/အတန(နိုင်)၀၇၄၈၂၄**
**ဖုန်း-၀၉-၄၂၈၀၂၆၁၃၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ကွင်းအမှတ် ၃၀၀၊ မှော်ဘီရိုးကွင်း၊ ဗိုလ်ချုပ်လမ်းမကြီး၊ မြို့မြေအကျယ်အဝန်း ဧရိယာ မျက်နှာဝအကျယ် (၄၀ ပေ)၊ အနောက် အရှည်အနံ (၁၅၀ ပေ) ရှိသော အိမ်ခြံမြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လုံးချင်းတိုက်(၁)လုံး၊ ရေမီတာ၊ လျှပ်စစ်မီတာ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် (အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဒေါ်မြင့်သောင်း ၁၂/ကမန(နိုင်)၀၀၃၁၃၇မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်မ ဒေါ်ဝင်းလဲ့ရည်မွန် ၁၂/ကတတ(နိုင်)၀၂၅၄၄၂က ဝယ်ယူရန်အတွက် အဆိုပါ အိမ်ခြံမြေကွက်နှင့် တိုက်အိမ်ရောင်းချငွေတန်ဖိုး၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စရန်ငွေများကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေကွက်နှင့် တိုက်အိမ်၏ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ထက်ကျော်လွန်ပါက အဆိုပါ အိမ်ခြံမြေကွက်နှင့် တိုက်အိမ်၏ အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းလဲ့ရည်မွန်**
**၁၂/ကတတ(နိုင်)၀၂၅၄၄၂**
**အမှတ် ၁၄၀၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၈၇၆၃၈**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက် ကျိုက္ကစံအိမ်ရာ၊ ကျိုက္ကစံလမ်း၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၃၀၇)ဟု ခေါ်တွင်သော တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

အထက်ပါ တိုက်ခန်းပိုင်ရှင် ဦးဖေဖေကျော် ၁၂/မဂတ(နိုင်)၀၄၂၂၇၂ က မိမိပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပြီး အရှုပ်အရှင်း ကင်းရှင်းစွာဖြင့် ပြန်လည်ရောင်းချ၍ရပါကြောင်း ပြောဆိုဝန်ခံသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ၁၂-၆-၂၀၂၄ ရက်တွင် ပေးအပ်ထားရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်ညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မြင့်မြင့်ဝင်း** | **ဦးလှဝင်း (ဥပဒေဘွဲ့)** |
| **၉/မနမ(နိုင်)၀၉၂၇၃၁** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၈၄/၂၀၀၂)** |
| | **ဖုန်း-၀၉-၅၁၁၉၉၆၁၊ ၀၉-၂၅၄၆၁၇၈၆၆** |

## ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ (၈)ရပ်ကွက်၊ ရေလဲလမ်း၊ အမှတ်(၄၂)နေ ဦးမိုးကျော်၊ ဦးလှထွန်း (မိုးကျော်ခိုင် အိမ်ဆောက်ပစ္စည်းနှင့် ပရိဘောဂရောင်းဝယ်ရေးလုပ်ငန်း)နှင့် အများသိစေရန် ကြေညာချက်

လူကြီးမင်းတို့သည် CB BANK PCL(ရုံးချုပ်) (ယခင်သမဝါယမဘဏ်လီမိတက်)၊SME BANKING DEPART -MENTထံမှ SME TERM LOAN ချေးငွေ -၁၃၀,၀၀၀,၀၀၀/(ကျပ်သိန်းတစ်ထောင့်သုံးရာတိတိ)ကို ၁၇-၇-၂၀၂၀ ရက်တွင် ချေးယူခဲ့ပါသည်။ ဘဏ်ချေးငွေနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အကွက်အမှတ် (၈-L-အောက်ပိုင်း ရပ်ကွက်)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၀.၀၅၆)ဧကရှိ ဦးလှထွန်း၊ ဒေါ်ကြည် အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို ဘဏ်သို့ အပ်နှံထားရှိခဲ့ပါသည်။ ထို့နောက် လူကြီးမင်းများအနေဖြင့် ဘဏ်သို့ ပေးဆပ်ရန်ရှိသည့် ဘဏ်ချေးငွေ အရင်း၊ အတိုးနှင့် နောက်ကျကြေးများကို ပေးဆပ်ရန် ပျက်ကွက်ခဲ့သည့်အပြင် ဘဏ်ချေးငွေသက်တမ်းမှာလည်း ကုန်ဆုံးပြီးဖြစ်ပါသည်။ ထို့ကြောင့် လူကြီးမင်းများသည် (၅-၆-၂၀၂၄)ရက်ထိ ဘဏ်ချေးငွေအရင်း၊ အတိုးနှင့် နောက်ကျကြေးငွေ စုစုပေါင်း-၁၃၄,၇၈၄,၆၃၂.၉၅ (ကျပ် တစ်ထောင်သုံးရာလေးဆယ့်ခုနစ်သိန်းရှစ်သောင်းလေးထောင်ခြောက်ရာသုံးဆယ့်နှစ်ကျပ်ကိုးဆယ့်ငါးပြားတိတိ) ကို ပေးဆပ်ရန် တာဝန်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါ ပေးဆပ်ရန်ရှိသည့်ကို ဘဏ်သို့ မပျက်မကွက် လာရောက်ပေးဆပ်ပါရန်နှင့် ပျက်ကွက်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြစ်ပေါ်လာမည့် ကုန်ကျစရိတ်အဝဝသည် လူကြီးမင်းများမှ ကျခံသွားရမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**CB BANK PCL(SME BANKING DEPARTMENT)**
**(ဒုတိယအထွေထွေမန်နေဂျာ) ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာစိုး(စဉ်-၈၄၂၅)၊ ဒေါ်စောယုဇာ(စဉ်-၉၉၀၀)**
**(တရားလွှတ်တော်ရှေ့နေများ)**
**ဒေါ်အဥ္ဇာစိုးတင့် (စဉ်-၄၆၆၄၈)(အထက်တန်းရှေ့နေ)**
**ဖုန်း-၀၉-၂၅၄၀၄၇၆၉၇၊ ၀၉-၂၅၂၈၆၈၂၃၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ မြို့သစ် (၆)လမ်း၊ တိုက်အမှတ်(၂၁၃)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ် (၃-လွှာ) (ခေါင်းရင်းခြမ်း)(3/B) တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ကြောင်းဖြင့် ဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသူ ဒေါ်ငုဝါလှိုင် ၁၂/မရက(နိုင်)၁၂၉၈၄၉ ထံမှ ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဒေါ်သင်းသင်းစိုး ၁၂/ရပသ(နိုင်)၀၈၅၉၆၂ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့သတင်းစာပါသည့်ရက်မှ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ (LL.B) တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၄၂၄၅ )**
**တိုက်အမှတ် (B6)၊ အခန်း (401)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

## မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကင်မွန်းချောင်းကျေးရွာ၊ ဇရပ်ကွင်း(၂)လမ်း၊ အမှတ်(၁၅) နေ ဒေါ်ခင်ဝေဇင်၊ ဒေါ်အိသဲဖြူ (ရွှေဇင်မြိုင်စားသောက်ဆိုင်)နှင့် အများသိစေရန်ကြေညာချက်

လူကြီးမင်းတို့သည် CB BANK PCL(ရုံးချုပ်) (ယခင်သမဝါယမဘဏ်လီမိတက်)၊ SME BANKING DEPAR TMENTထံမှSME TERM LOAN စနစ်ချေးငွေ-၂၅၀,၀၀၀,၀၀၀/ (ကျပ်သိန်းနှစ်ထောင်ငါးရာတိတိ)ကို (၅-၄-၂၀၁၉) ရက်တွင် ချေးယူခဲ့ပါသည်။ ဘဏ်ချေးငွေနှင့်ပတ်သက်၍ မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကွင်းအမှတ်-(၁၇၆/က)ဇရပ်ကွင်း၊ ဦးပိုင်အမှတ်(လ/ ၂၇၈-ကင်းမွန်းချောင်းကျေးရွာ)၊ ဧရိယာ-(၀.၄၀)ဧကရှိ ဒေါ်ခင်ဝေဇင် အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို ဘဏ်သို့ အပ်နှံထားရှိခဲ့ပါသည်။ ထို့နောက် လူကြီးမင်းများအနေဖြင့် ဘဏ်သို့ပေးဆပ်ရန်ရှိသည့် ဘဏ်ချေးငွေအရင်း၊ အတိုးနှင့်နောက်ကျကြေးများကိုပေးဆပ်ရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့ပါသည်။ ထို့အပြင် လူကြီးမင်းတို့၏ ချေးငွေသက်တမ်းမှာလည်း ကုန်ဆုံးပြီးဖြစ်ပါသည်။ ထို့ကြောင့် လူကြီးမင်းများသည် ၅-၆-၂၀၂၄ ရက်ထိ ဘဏ်ချေးငွေအရင်း၊ အတိုးနှင့် နောက်ကျကြေး ငွေစုစုပေါင်း-၄၂၃,၁၀၂,၀၉၂.၅၆ (ကျပ်လေးထောင့်နှစ်ရာသုံးဆယ့်တစ်သိန်းနှစ်ထောင်ကိုးဆယ့်နှစ်ကျပ်ငါးဆယ့်ခြောက်ပြားတိတိ) ကို ပေးဆပ်ရန် တာဝန်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါပေးဆပ်ရန်ရှိသည့်ကို ဘဏ်သို့ မပျက်မကွက် လာရောက်ပေးဆပ်ပါရန်နှင့် ပျက်ကွက်ခဲ့ပါက ဥပဒေနှင့်အညီဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြစ်ပေါ်လာမည့် ကုန်ကျစရိတ်အဝဝသည် လူကြီးမင်းများမှ ကျခံသွားရမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**CB BANK PCL(SME BANKING DEPARTMENT)**
**(ဒုတိယအထွေထွေမန်နေဂျာ) ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာစိုး(စဉ်-၈၄၂၅)    ဒေါ်စောယုဇာ(စဉ်-၉၉၀၀)**
**(တရားလွှတ်တော်ရှေ့နေများ)**
**ဒေါ်အဥ္ဇာစိုးတင့်(စဉ်-၄၆၆၄၈) (အထက်တန်းရှေ့နေ)**
**ဖုန်း-၀၉-၂၅၄၀၄၇၆၉၇၊ ၀၉-၂၅၂၈၆၈၂၃၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊တရားမကြီးမှုအမှတ် ၆၅

| | | |
|---|---|---|
| ဒေါ်မိမိခိုင် | နှင့် | ဗိုလ်မှူးရစ်ချတ်ဖေ |
| တရားလို | | တရားပြိုင် |

တောင်ကြီးမြို့နယ်၊အေးသာယာမြို့၊ အကွက်အမှတ်(၃၀)၊ အမှတ်(၇) ရပ်ကွက်၊ ၂၈-၂၉/၂လမ်းနေဗိုလ်မှူးရစ်ချတ်ဖေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်မိမိခိုင်က နှစ်ဦးသဘောတူ အိမ်/ခြံမြေကွက်အရောင်းအဝယ် စာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ် စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇွန်လ ၂၈ရက် (၁၃၈၆ခုနှစ်၊ နယုန်လဆုတ် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇွန်လ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ (၄)လမ်း၊ တိုက်/အိမ်အမှတ်(၁၁၁)ရှိ ဗိုအမ်ပီလေး အမည်ပေါက် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အခွန်အခပြေစာတွင် အခွန်ထမ်းအမှတ်(၀၀၉၁၀၈၄၃) ဖြင့် မြေကွက်အမှတ်(၂၉၈)၊ မြေတိုင်းရပ်ကွက်(၁၂/အေ)ဖြင့် အခွန်ထမ်းဆောင်နေသော မြေကွက်ဖြစ်ပါသည်။

၎င်းမြေကွက်ပေါ်တွင် ယခုအခါ အမှတ်(၁၁၁)သည် (၁၁၁/အေ)၊ (၁၁၁/ဘီ)ဟူ၍ သုံးထပ်ခွဲ ကန်ထရိုက်တိုက်(၂)လုံး ဆောက်လုပ်ကာ အချို့အခန်းများအားရောင်းချခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဗိုအမ်ပီလေး အမည်ဖြင့် လှိုင်မြို့နယ်၊ မြေကွက်အမှတ် ၂၉၈၊ မြေတိုင်းရပ်ကွက်(၁၂/အေ)၊ အခွန်ထမ်းအမှတ် ၀၀၉၁၀၈၄၃)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ အခွန်အခပြေစာပါအတိုင်း အိမ်/တိုက်အမှတ်(၁၁၁)၊ သီရိ(၄)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်သာဖြစ်ပါ၍ အခြားသူတစ်ဦးဦးမှ ယင်းမြေနှင့်ပတ်သက်၍သော်လည်းကောင်း၊ အခွန်အခပြေစာဖြင့် ပတ်သက်၍သော်လည်းကောင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြင်ဆင်အသုံးပြုခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုးမိုးသောင်း ၁၂/လမန(နိုင်)၀၉၂၂၈၁**
**ဒေါ်မေသံလွင်သောင်း ၁၂/လမန(နိုင်)၀၉၂၂၂၂ တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် (စဉ်-၈၃၈၇) LL.B. D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၆)၊ (၁၂၀)လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
**ဖုန်း-၀၉-၅၁၀၀၇၀၄၂**

## ပတ်စပို့ပျောက်

နောင်တရားမြို့၊ နောင်ကားမီးရွာနေ (ဘ)ခွန်မောင်စွံ၏သား မောင်မိုးနောင်(၁၃/နတရ(နိုင်)၀၁၇၂၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-279384)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၀၄၄၅၃၈၁**

## ပတ်စပို့ပျောက်

ရပ်စောက်မြို့၊ ပင်ဖြစ်ကျေးရွာနေ (ဘ)ဦးစံမြင့်၏သား မောင်သူရိန်မြင့် (၁၃/ရစန(နိုင်)၀၅၄၁၃၀)၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၉၅၁၅၁၇၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်းတယမြို့၊ ဈေးတန်းရပ်ကွက်နေ ဦးတင်မောင်၏ သမီး ဒေါ်နုရင် ၁၃/ပတယ(နိုင်)၀၀၃၉၂၇နှင့် ဒေါ်နုယဉ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြဝတီမြို့၊ အထက(၁)မြဝတီကျောင်း Grade-9 လိမ္မော်အခန်း မှ မောင်ဝိုင်းဝေလျှံဖြိုး၏ ဖခင်အမည်မှန်မှာ စောနေအေး ၃/ဘအန(နိုင်) ၂၃၉၀၄၆ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက(မြစ်ကျိုး)ကျောင်း Grade-12 မှ မဧကရီမင်းလွင် ၏ မိဘအမည်မှန်မှာ ဦးကျော်သူရ ၇/ဝမန(နိုင်) ၁၁၈၀၃၇ - ဒေါ်ဇင်မာဦး ၇/ဝမန(နိုင်) ၀၉၂၇၄၅ ဖြစ်ပါကြောင်း။

**ဦးကျော်သူရ-ဒေါ်ဇင်မာဦး**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်စိန် ၏ သမီးဖြစ်သူ ကျွန်မ သိမ့်မေကျော် (၁၂/ဥကတ(နိုင်) ၁၂၅၉၉၄) ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF-498308) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၇၇၂ ၇၇၇ ၁၇၁**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ SPEC-ကိုယ်ပိုင် အထက်တန်းကျောင်း Grade-5 မှ မောင်ရွှေကျဲနှင့် ကလေးမြို့နယ် တင်သားကျေးရွာ မုန်တောအုပ်စု(၁)မှ မဗန်ထာပါးရ်တို့၏ ဖခင်အမည်မှန်မှာ ဦးတူမန် ၅/ကလထ(နိုင်)၁၇၃၇၄၉ ဖြစ်ပါကြောင်း။ **ဦးတူမန်**

## အလိမ္မာ စာမှာရှိ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၇

ဦးထွန်းထွန်းဝင်း နှင့် ဒေါ်အေးကျော့နု
တရားလို တရားပြိုင်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်၁၈၃/၆၃၊ ရပ်ကွက် (၆)၊ နယ်မြေ(၄)၊ မြို့ရှောင်လမ်းနေ ဒေါ်အေးကျော့နု (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးထွန်းထွန်းဝင်း က နှစ်ဦးသဘောတူ အိမ်/ခြံ/မြေကွက် အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၈ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက် ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဘိန်းဖျောကျေးရွာ၊ စမ်းနှစ်ခွ၊ ကွင်းအမှတ် (၅၈၅/ခ)၊ ကွင်းအမည် ဘိန်းဖျောကုလားကုန်း၊ ဦးပိုင်အမှတ် (၃၉၆)၊ မြေဧရိယာ ၀ ဒသမ ၁၆ ဧကနှင့် ယင်းမြေကွက် ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ရှော်နာဘီ (ဘ)ဦးကာဒယ် KMW - ၁၃၀၃၇၈ မှ လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်းနှင့် ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရိုဆီမာဘီ(ဘ) ဦးနူရာမွတ် KMW - ၁၃၆၄၃၀မှ ဝယ်ယူရန် သဘော တူညီသောကြောင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကို ပေးချေထားပြီး ဖြစ်သည်။

ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားပါက ဥပဒေနှင့်အညီ ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရိုဆီမာဘီ (ဘ) ဦးနူရာမွတ်၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးအောင်(LLB)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၆၇၈)(၂-၁၀-၂၀၀၅)**
**ရုံးခန်း-အမှတ် ၇(ကေ)၊ ဆီဆုံလမ်းကြား၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။**
**ဖုန်း-၀၉-၆၈၀၇၁၉၇၁၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ စွယ်တော်ရပ်ကွက်၊ စွယ်တော်စီးတီးအိမ်ရာ စီမံကိန်းအတွင်းရှိ အဆောက်အအုံအမှတ်(B)၊ အခန်းအမှတ်(111)၊ ကြမ်းခင်းဧရိယာ(၁၂၆၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းယူနစ်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ GRAND STYLE CO.LTD ကိုယ်စား ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ဦးမြတ်သူ ၁၂/ဒဂန(နိုင်)၀၁၅၈၉၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးထွန်းနိုင်ဦး ၇/ရတန(နိုင်)၀၈၃၃၇၁ သည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏ တစိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းနိုင်ဦး ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀၈)၊ ကံဦး(၂)လမ်း၊ မြေကွက်အမှတ်(၃၆၀/က)၊ အကျယ်အဝန်းပေ (၂၀ x ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင်နီလာထွန်း ၁၂/ဥကတ(နိုင်)၁၅၃၇၅၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန္တာအောင် ၈/မကန(နိုင်)၁၇၀၅၂၇ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူထွဏ်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၇၆)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၂၆၆၀၂၂၂၅၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧက၊ မြေကွက်အမှတ်(ဥ-၃၄၇) ဒေါ်ခင်သူဇာ (ဘ) ဦးထွန်းစိန် ၁၀/မလမ(နိုင်)၀၂၉၄၁၉ အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်နှင်းနုဖြူ (ဘ) ဦးမောင်မောင်ကြီး ၁၁/ကဖန(နိုင်)၀၂၈၂၂၇ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိ ဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မင်းဘူးမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (D2-ရှမ်းစု)၊ ဦးပိုင်အမှတ် (၅-ဉ)၊ ဧရိယာ ၀ ဒသမ ၂၄၆ ဧကရှိ မြေအား ဦးသန်းထွန်း အမည်ဖြင့် မြေငှားဂရန်အသစ်ချထားပေးပါရန် လျှောက်ထားမှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ထည့်သွင်းကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမင်းဘူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မင်းဘူးမြို့နယ်**

## အများသိစေရန် ကြေညာချက်

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁၇-င/ကျီတော်ကုန်း)၊ မြေကွက် အမှတ်(၃၃၇)၊ မြေဧရိယာ ၀ ဒသမ ၁၃၁ ဧကရှိ မြေကွက်သည် ဦးဟိန်းထက်အောင် ၉/မထလ(နိုင်)၂၅၁၉၄၄ မှ နှစ်စဉ် မြို့မြေခ ပေးဆောင်၍ နေထိုင်လာခဲ့သည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်ဆို၍ မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၉-၆-၂၀၂၃ ရက်၌ မှတ်ပုံတင်အမှတ် (၀၉၃/၂၀၂၃) ဖြင့် မှတ်ပုံတင်၍ မြေငှားဂရန်အသစ်လျှောက်ထားလာမှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ အင်ပင်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁)၊ မီးရထားမြို့မြေ၊ ဦးပိုင်(၁၂၆)၊ ဧရိယာ ၀ ဒသမ ၀၆၀ ဧကရှိ မြေကွက်အား ဦးခင်မောင်လတ် ၁၄/မအန(နိုင်) ၁၄၄၆၂၁ မှ စာချုပ်စာတမ်းမှတ်ပုံတင် အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူများနှင့်အတူ မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြန်အောင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဤဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြန်အောင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်(၁/၂-၅၀)၊ မြေဧရိယာ သုည ဒသမ ၀၆၈ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၈၈/၂၀၂၃-၂၀၂၄ အရ ဒေါ်တင်ဝင်း အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန် အမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၅၆/၂၀၂၄) ဖြင့် ဒေါ်သန်းအင်၊ ဒေါ်မေဆုပိုင်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်သန်းအင် ၆/မအရ(နိုင်)၀၂၄၅၀၆၊ ဒေါ်မေဆုပိုင် ၁၂/လမတ(နိုင်)၀၃၆၁၇၃ တို့မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး(အရှေ့)ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၂၆)တိုက်၏ ၅-လွှာ (ခေါင်းရင်းခန်း) ဟုခေါ်တွင်သော တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စီမံခန့်ခွဲရောင်းချနိုင်သည်ဟု အဆိုပြုသူ ဒေါ်နေနွယ်ဦး ၁၂/အစန(နိုင်) ၁၈၁၈၂၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းနိုင်အောင် (LL.B,C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၃၆)**
**အမှတ်(၈၉)၊ မြကန်သာလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၆၆၈၉၅၁၄၆၃**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ်(၁၇/၁က)၊ ဦးပိုင်အမှတ်(၁၀/ခ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၇၉ ဧကရှိ မြေကွက်သည် မူလက ဒေါ်အိအိမေ(ခ)မေကွမ်း အမည်ဖြင့် ၆-၆-၂၀၃၆ ရက်ထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဒေါ်အိအိမေ(ခ)မေကွမ်းက ၆-၅-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ (၂၃၂/၂၀၂၄)အရ အဆိုပါမြေကွက်အား ဦးအိုက်မောင်း ၁/မမန(နိုင်)၀၃၄၀၇၃၊ ဒေါ်အေးခွမ် ၁/မမန(နိုင်)၀၅၁၀၈၉ (၂)ဦးထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးအိုက်မောင်း ပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

